ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ကာမဂုဏ်၌ မတပ်မက်၊ မငြိတွယ်**

ပန်းခူးသောသူသည် ကောင်းနိုးရာရာပန်းများကို ခူးသကဲ့သို့ ကာမဂုဏ်တရားတို့ကို ရယူသိမ်းပိုက်တတ်ကြ၏။ ထိုသူတို့သည် ကာမဂုဏ်တို့၌ ကပ်ငြိတွယ်တာသောစိတ်ဖြင့် မည်သည့်အခါမျှ မရောင့်ရဲနိုင်သောကြောင့် သေမင်းနိုင်ငံသို့လိုက်ရသည်သာဖြစ်၏။ ကာမဂုဏ်တို့ကို မတောင့်တ၊ မငြိတွယ်ဘဲ ရောင့်ရဲတတ်သူကား သေမင်း၏လက်မှ လွတ်မြောက်ရ၏။ ကာမဂုဏ်တို့၌ မတပ်မက်၊ မငြိတွယ်ဘဲနေနိုင်အောင် ကြိုးစားရာ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၄၈)

၁၃၇၈ ခုနှစ် ဝါဆိုလပြည့်ကျော် ၁ ရက်၊ ဗုဒ္ဓဟူးနေ့။ 20, Wednesday July 2016 (၈၆၂၈)



## နိုင်ငံတော်အတွက် အသက်ပေးလှူသွားကြသည့် အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ကုသိုလ်ပြုအမှျပေးဝေ

စာမျက်နှာ - ၃

# ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွှမ်းသူ့ပန်းခွေကိုချ၍ အလေးပြု





ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွှမ်းသူ့ပန်းခွေကိုချ၍ အလေးပြုကြစဉ်။ (သတင်းစဉ်)

**ရန်ကုန် ဇူလိုင် ၁၉**

၂၀၁၆ ခုနှစ် (၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အာဇာနည်ဗိမာန်၌ ကျင်းပရာ အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ သမီးဖြစ်သူ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တက်ရောက်၍ ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ လွှမ်းသူ့ပန်းခွေချဂါရဝပြုပြီး မေတ္တာပို့သ အမျှပေးဝေသည်။

ရှေးဦးစွာ အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ သမီးဖြစ်သူ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့သည် အာဇာနည်ဗိမာန်နားနေဆောင်ခန်းမ၌ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့သည် အာဇာနည်ဗိမာန်ရင်ပြင်၌ နေရာယူကြပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွှမ်းသူ့ပန်းခွေကိုချ၍ အလေးပြုကြသည်။

ယင်းအချိန်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တိုင်ဝက်သို့ လျှော့ချလွှင့်ထူကာ ဂုဏ်ပြုတပ်ဖွဲ့ဝင်များက သေနတ်မြှောက် အလေးပြုခြင်း၊ စစ်ခရာအဖွဲ့က ကျဆုံးရဲဘော်အလေးပြုခရာမှုတ်ကာ အခမ်းအနားသို့ တက်ရောက်လာကြသူများက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ နှစ်မိနစ် ငြိမ်သက်စွာဖြင့် မေတ္တာပို့သ အမျှပေးဝေခြင်းများပြုလုပ်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

IKBZ Insurance Co.,Ltd.
"ယုံကြည်အားထား IKBZ အာမခံစွမ်းအား"
THE BEST INSURANCE COMPANY IN MYANMAR 2015
Awarded By: World Finance
WORLD FINANCE GLOBAL INSURANCE AWARDS 2015
Ph: 01-2307000, 378842, Fax : 01-2307128, www.facebook.ikbzinc , www.i-kbz.com

# ကြေးမုံ

## အာဇာနည်စိတ်ဓာတ်နှင့် အမျိုးသားရေးအားမာန်

နိုင်ငံတော်ကို ကိုယ်စားပြု၍ နိုင်ငံ့ခေါင်းဆောင်များ စုံစုံညီညီတက်ရောက် အလေးပြုဂါရဝပြုခဲ့ခြင်းသည် ယခုနှစ်အာဇာနည်နေ့အခမ်းအနား၏ ထူးခြားချက်တစ်ရပ်ဖြစ်ပါသည်။ ကျဆုံးသွားခဲ့သော ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် အာဇာနည်ခေါင်းဆောင်ကြီးများကို ပစ္စုပ္ပန်ကာလ နိုင်ငံ့ခေါင်းဆောင်များ စုံစုံညီညီတက်ရောက် အလေးပြု ဂါရဝပြုခဲ့ခြင်းအပေါ် နိုင်ငံတော်အခမ်းအနားတစ်ရပ်၏ ပြည့်စုံပီပြင်သော သွင်ပြင်လက္ခဏာရပ်များဟု သာမန်ကာလျှံကာ ရှုမြင်ပါက နိုင်ငံရေးအနှစ်သာရကင်းမဲ့သည့် သဘောသက်ရောက်သွားမည်ဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် အမျိုးသားခေါင်းဆောင်ကြီးများ၏ တိုင်းပြည်နှင့် လူမျိုးအပေါ် အသက်ပေးကျေပွန်ခဲ့သည့်"အာဇာနည်စိတ်ဓာတ်"ကို ပစ္စုပ္ပန်မျိုးဆက်နှင့် အနာဂတ်မျိုးဆက်သစ်တို့က လက်ဆင့်ကမ်းသယ်ဆောင်ရမည်ဟူသော အချက်အား နက်ရှိုင်းလေးနက်မှုအပြည့်ပုံဖော်သည်ဟု ခံယူမှသာ နိုင်ငံရေးအနှစ်သာရ ပြည့်ဝမည်ဖြစ်ပါသည်။ သမိုင်းဟူသည် ပြည်သူတို့၏ စဉ်ဆက်မပြတ် ရုန်းကန်လှုပ်ရှားခြင်းဖြစ်၍ ပြည်သူတို့၏နှလုံးသား၌ အာဇာနည်စိတ်ဓာတ်ကိန်းအောင်းနေခြင်းသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာမခံချက်တစ်ရပ်ကို ပုံဖော်ထုဆစ်လိုက်ခြင်း ဖြစ်ပါသည်။

နိုင်ငံသူနိုင်ငံသားတို့၏ အတွေးအခေါ်နှင့် ခံယူချက်တို့သည် မွေးဖွားချိန်မှစ၍ ကွယ်လွန်သည့်အချိန်အထိ စဉ်ဆက်မပြတ်ပြုစုပျိုးထောင်မှုတို့နှင့် ဆက်စပ်နေပါသည်။ ငယ်ရွယ်စဉ်ကာလတွင် မိဘတို့နှင့် ဆွေမျိုးသားချင်းတို့၏ အပြုအမူတို့သည် ကလေးငယ်တို့အပေါ်၌ ဩဇာလွှမ်းမိုးမည်ဖြစ်ပါသည်။ ပညာသင်ယူသည့် အရွယ်အဆင့်ဆင့်တို့၌လည်း ဆရာဆရာမများ၏ အပြုအမူတို့သည် ကျောင်းသား ကျောင်းသူတို့အပေါ်၌ ဩဇာလွှမ်းမိုးမည် ဖြစ်ပါသည်။ ဆိုလိုသည်မှာ ကျဆုံးသွားခဲ့သော ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် အာဇာနည်ခေါင်းဆောင်ကြီးများအား အရိုအသေ အလေးအမြတ်ပြုသော မိဘဆရာတို့၏ အပြုအမူသည် လူငယ်မျိုးဆက်သစ်တို့အပေါ် မသိနားမလည်သေးသည့် အရွယ်၌ပင် ဩဇာလွှမ်းမိုးမည် ဖြစ်ပါသည်။ အရိုအသေအလေးအမြတ်ထားသော အပြုအမူတို့သည်အားကျစိတ်ကို ဖြစ်ပေါ်စေမည် ဖြစ်ပါသည်။ ကြီးမြတ်သော အမျိုးသားခေါင်းဆောင်ကြီးများအပေါ် အားကျစိတ်သည် တိုင်းပြည်နှင့် လူမျိုးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ရမည်ဟူသော ခံယူချက်အသိစိတ်ဓာတ်တို့ကို မွေးဖွားစေမည်ဖြစ်ပါသည်။

နိုင်ငံသူနိုင်ငံသားတိုင်း၌သာ တိုင်းပြည်နှင့်လူမျိုးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ရမည်ဟူသော ခံယူချက်အသိစိတ်ဓာတ်တို့ ပြည့်ဝနေပါက နိုင်ငံ၌ အမျိုးသားရေးအားမာန်တို့ အရှိန်အဟုန် ပြင်းပြင်းပေါ်ထွက်လာမည်ဖြစ်ပါသည်။ တိုင်းပြည်၌ ဤသို့သာအမျိုးသားရေးအားမာန်တို့ အရှိန်အဟုန် ပြင်းပြင်းပေါ်ထွက်နေပါက မည်ကဲ့သို့သော အခက်အခဲအတားအဆီးကိုမဆို ကျော်လွှားနိုင်မည်ဖြစ်ပါသည်။ နယ်ချဲ့ဗြိတိသျှတို့အဆုတ် ဖက်ဆစ်ဂျပန်တို့အဝင် ဖက်ဆစ်ဂျပန်တို့၏ သုံးနှစ်သုံးမိုးအုပ်ချုပ်မှု၊ တစ်ဖန် ဖက်ဆစ်ဂျပန်တို့အဆုတ် နယ်ချဲ့ဗြိတိသျှတို့ ပြန်အဝင် ကာလတို့၌ ဒုတိယကမ္ဘာစစ်ကြီး၏ ဒဏ်ကိုအလူးအလဲခံစားခဲ့ကြသော တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးသည် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သည့် ဖဆပလ အမျိုးသားတပ်ပေါင်းစုကြီးအောက်၌ ညီညီညွတ်ညွတ် စုစည်းရပ်တည်နိုင်ခဲ့ခြင်းသည် တိုင်းရင်းသားပြည်သူ လူထုတစ်ရပ်လုံး၏ အမျိုးသားရေးအားမာန်ကြောင့်ဖြစ်ပါသည်။ ဤအမျိုးသားရေးအားမာန်ကြောင့် ပင်လုံစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ပါသည်။ ဤအမျိုးသားရေးအားမာန်ကြောင့် လွတ်လပ်ရေးကို အရယူနိုင်ခဲ့ပါသည်။

ဤသည်မှာ အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုသမိုင်းက မီးမောင်းထိုးပြလိုက်သည့် တိုင်းရင်းသားပြည်သူတို့၏ အမျိုးသားရေးအားမာန်ဖြစ်ပါသည်။ တိုင်းရင်းသားပြည်သူလူထု တစ်ရပ်လုံးက ရွေးချယ်တင်မြှောက်လိုက်သည့် လူထုအစိုးရသစ်က တိုင်းပြည်၏ ပြဿနာအနန္တတို့ကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် ကြိုးပမ်းနေသော ပစ္စုပ္ပန်ကာလတွင် တိုင်းရင်းသားပြည်သူလူထု၏ နှလုံးသား၌ အမျိုးသားရေး အားမာန်တို့ ထက်သန်နေရန် အထူးလိုအပ်နေပါသည်။ ယခုနှစ်က အာဇာနည်အခမ်းအနား၏ ပြည့်စုံသော ပုံရိပ်သွင်ပြင်၊ ဤပုံရိပ်သွင်ပြင်တို့မှ ပုံဖော်ထုဆစ်လိုက်သော အာဇာနည်စိတ်ဓာတ်တို့သည် တိုင်းရင်းသားပြည်သူလူထု၏ နှလုံးသား၌ အမျိုးသားရေးအားမာန်တို့ကို ကိန်းဝပ်စေမည်ဟု အလေးအနက်ခံယူ ယုံကြည်ပါသည်။

## အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ ရန်ကုန်မြို့တော်ခန်းမ၌ ဆွမ်းဆက်ကပ်

**ရန်ကုန် ဇူလိုင် ၁၉**

၂၀၁၆ ခုနှစ် (၆၉)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ ဆွမ်းဆက်ကပ်လှူဒါန်းခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပရာ (၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ပြည်ထောင်စုဝန်ကြီးများ၊ (၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနမှူးများ၊ ယင်းတို့၏ဇနီးများ၊ ရန်ကုန်မြို့အခြေစိုက် နိုင်ငံရေးပါတီများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာ ဘိဝံသထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြကာ ဆရာတော်၊ သံဃာတော်များ ချီးမြှင့်သည့် မေတ္တသုတ် ပရိတ်တရားတော်ကို နာယူကြသည်။

ထို့နောက် (၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား သက်န်းအစရှိသော လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းကြပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်းဆရာတော်ထံမှ အနုမောဒနာတရားနှင့် ရေစက်ချတရားနာယူကြကာ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား အမျှပေးဝေကြသည်။

**(သတင်းစဉ်)**

## (၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား ပျဉ်းမနားမြို့၌ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၉**

(၆၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ကန်တော်မင်္ဂလာ (ရှမ်းကန်)အနီး ဗိုလ်ချုပ်အောင်ဆန်းရုပ်တုရှေ့ ဥပစာတွင် ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အာဇာနည်ခေါင်းဆောင်ကြီးများအား လွမ်းသူ့ပန်းခွေများချ အလေးပြုကြသည်။

ယင်းနောက် နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ကျောင်းသားကျောင်းသူများ၊ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူလေးများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများက လွမ်းသူ့ပန်းခွေချ အလေးပြုကြသည်။



အာဇာနည်နေ့အခမ်းအနားတွင် အာဇာနည်နေ့ အမှတ်တရ လက်ကမ်းစာစောင်များ ဝေငှခြင်း၊ ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းဟောင်းများ ပြန်လည်ဖွင့်လှစ်ခြင်း စသည့် အာဇာနည်နေ့ အောက်မေ့ဖွယ်ရာများကို ဆောင်ရွက်ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

## မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဇူလိုင် ၁၉**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဟသ်ာတမြို့တွင် နှစ်လက်မခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

အလားတူ ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက် ငါးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ထို့နောက် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့နှင့် ဖောင်းပြင်မြို့တို့တွင် တစ်ပေခွဲခန့်စီ၊ မော်လိုက်မြို့တွင်ပေဝက်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေများသည် နောက်တစ်ရက်အတွင်း ဟုမ္မလင်းမြို့တွင် ပေဝက်ခန့်နှင့် နောက်နှစ်ရက်အတွင်း ဖောင်းပြင်မြို့နှင့် မော်လိုက်မြို့တို့တွင် တစ်ပေခန့်စီ ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။

အဆိုပါမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများ အနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ အကြံပြုထားသည်။

**(ကြေးမုံ)**

## အာဇာနည်နေ့တွင် သားဦးယောက်ျားလေး အောင်မြင်စွာခွဲစိတ်မွေးဖွား

**ပုသိမ် ဇူလိုင် ၁၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ပြည်သူ့ဆေးရုံတွင် ဇူလိုင် ၁၉ ရက် နံနက် ၁၀ နာရီ ၅ မိနစ်က ခုနစ်ပေါင်ကျော် အာဇာနည်မောင်လေးအောင်မြင်စွာ ခွဲစိတ်မွေးဖွားပေးခဲ့ကြောင်း သိရသည်။ ကျောင်းကုန်းမြို့နယ် ကုသရေးဦးစီးဌာနမှူး ဒေါက်တာအေးနိုင်နှင့် သူနာပြုဆရာမများက ကျုံပျော်မြို့နယ် မအူချောင်းကျေးရွာနေ အဘ ခလိန်ရှုဖန်၏သမီး မမိုးမိုးထွေး(၂၂)နှစ်အား အောင်မြင်စွာ ဗိုက်ခွဲမွေးဖွားပေးခဲ့ကြောင်း ကျန်းမာရေးဌာနမှ သိရသည်။

**ဝင်းကြိုင် (ပြန်/ဆက်)**



ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၈ ရက်နေ့တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၂၈၊ ၀၆၇-၃၆၁၀၃၀၊ ဖက်စ် ၀၆၇-၃၆၁၀၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၂
မန္တလေး ၀၂-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်အတွက် အသက်ပေးလှူသွားကြသည့် အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ ကုသိုလ်ပြုအမျှပေးဝေ



**နေပြည်တော် ဇူလိုင် ၁၉**

(၆၉)နှစ်မြောက် အာဇာနည်နေ့တွင် နိုင်ငံတော်အတွက် အသက်ပေးလှူသွားကြသည့် အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ ကုသိုလ်ပြု အမျှပေးဝေခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီ ၄၅ မိနစ်တွင် နေပြည်တော် ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့ တက်ရောက်ကြသည်။

အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီးဒေါ်စုစုလွင်တို့သည် ခန်းမအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်းနှင့်ဆီမီးကပ်လှူပူဇော်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် ဧည့်ပရိသတ်များက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တကဝိသာရထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် မေတ္တသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့သည် ဈေးကုန်းကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တကဝိသာရထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ၎င်းတို့၏ဇနီးများက ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက်နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် ဧည့်ပရိသတ်များက နိုင်ငံတော်ဩဝါဒါစရိယ ဈေးကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော်ထံမှ သံဝေဂကထာ တရားနာယူကြပြီး အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ ရေစက်သွန်းချအမျှပေးဝေကြကာ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။**(ယာပုံ)** **(သတင်းစဉ်)**

# ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ အောက်မေ့ဖွယ်အခမ်းအနား ဗိုလ်ချုပ်၏မွေးဖွားရာဇာတိ နတ်မောက်မြို့၌ ကျင်းပ

**နတ်မောက် ဇူလိုင် ၁၉**

ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများသည် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်တွင် ရန်ကုန်မြို့ရှိ ဝန်ကြီးများရုံး၌ လုပ်ကြံခံခဲ့ရပြီးနောက် အဆိုပါဇူလိုင် ၁၉ ရက်နေ့ကို အာဇာနည်နေ့အဖြစ်သတ်မှတ်၍ ဂုဏ်ပြုခဲ့ကြရာ ယခု ၂၀၁၆ ခုနှစ် ဇူလိုင် ၁၉ ရက်သည် (၆၉)နှစ်ပြည့်ခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများဖြစ်သည့် ဒီးဒုတ်ဦးဘချို၊ မန်းဘခိုင်၊ မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၊ ဦးရာဇတ်၊ ဦးဘဝင်း၊ သခင်မြ၊ ဦးအုန်းမောင်၊ ရဲဘော်ကိုထွေး စသူတို့အား လွမ်းဆွတ်သတိရကာ အောက်မေ့ဖွယ်အခမ်းအနားများကို မြန်မာနိုင်ငံတစ်ဝန်းရှိ နေရာဒေသအသီးသီး၌ကျင်းပခဲ့ရာ ဗိုလ်ချုပ်အောင်ဆန်း၏ မွေးရပ်မြေဖြစ်သည့် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ ဗိုလ်ချုပ်ကြေးရုပ်ကွင်း၌ ကျင်းပခဲ့သည်။

ယနေ့ နတ်မောက်မြို့၌ကျင်းပခဲ့သည့် (၆၉)နှစ်မြောက်အာဇာနည်နေ့အခမ်းအနားတွင် နံနက် ၇ နာရီက ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား နိုင်ငံရေးပါတီများ၊ ဌာနဆိုင်ရာများ၊ စာသင်ကျောင်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ နတ်မောက်မြို့ရှိ ရပ်ကွက်များမှ ပြည်သူများက လွမ်းသူ့ပန်းခွေချ ဂါရဝပြုခဲ့ကြသည်။

ထို့နောက် အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ သံဃာတော်များပင့်ဖိတ်ပြီး နေ့ဆွမ်းဆက်ကပ်ကာ အမျှပေးဝေခဲ့ကြသည်။

ယင်းနောက် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် မီးသတ်ကားများမှဦးဆောင်၍ ဥဩဆွဲခဲ့သည့်နည်းတူ လမ်းပေါ်တွင်သွားလာနေကြသော မော်တော်ယာဉ်များ၊ ဆိုင်ကယ်များကလည်း ရောက်လေရာနေရာတွင်ရပ်တန့်၍ ဟွန်းသံများ အဆက်မပြတ်တီးကာ ဝမ်းနည်းကြောင်း ဖော်ပြခဲ့ကြသည်။



ဗိုလ်ချုပ်အောင်ဆန်း၏ နေအိမ်ပြတိုက်တွင်မူ (၆၉)နှစ်မြောက် အာဇာနည်နေ့တွင် လာရောက်သူ ရဟန်းရှင်လူ ပြည်သူများ လေ့လာကြည့်ရှုနိုင်ရန်အတွက် ဓာတ်ပုံနှင့် ပန်းချီပြခန်းကို ငါးခန်းခွဲ၍ ပြသပေးထားသည်။

အဆိုပါပြခန်းများတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ရှားပါးဓာတ်ပုံများနှင့် ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်း၊ ဗိုလ်ချုပ်အောင်ဆန်း၏ ရုပ်ပုံဖြင့်ထုတ်ဝေခဲ့သော ငွေစက္ကူများ၊ ဗိုလ်ချုပ်၏စျာပန အခမ်းအနားဓာတ်ပုံများ၊ ရန်ကုန်မြို့ တာဝါလိန်းလမ်းရှိ ဗိုလ်ချုပ်နေအိမ်ပြတိုက်နှင့် အသုံးအဆောင်များ၊ ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံ့ခေါင်းဆောင်ဘဝ အင်္ဂလန်ခရီးစဉ်နှင့် အိန္ဒိယခရီးစဉ်များ၊ ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံဖြင့် ထုတ်ဝေခဲ့သည့် တံဆိပ်ခေါင်းများ၊ ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးကြိုးပမ်းမှုများ၊ မိသားစုဘဝ၊ ကျောင်းသားဘဝနှင့် ဗိုလ်ချုပ်အောင်ဆန်းရေးသားခဲ့သည့် လက်ရေးစာမူများ စသည်တို့ကို တစုတစည်းတည်း လေ့လာနိုင်ရန် ပြသထားသည်။

ယနေ့အာဇာနည်နေ့တွင် နတ်မောက်မြို့သည် ယခင်ရက်များနှင့်မတူ ပိုမိုသက်ဝင်လှုပ်ရှားနေသည်ကို တွေ့ရပြီး ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်တွင်လည်း လာရောက်ကြည့်ရှုသူများဖြင့် တိုးမပေါက်အောင်စည်ကားနေသည်ကို တွေ့ရှိခဲ့ရသည်။

ယနေ့တွင် ဗိုလ်ချုပ်နေအိမ်ပြတိုက်ကို ပြည်သူအများ လာရောက်လေ့လာနိုင်ရန်အတွက် နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ပေးခဲ့ပြီး လာရောက်ကြည့်ရှုသူ အရေအတွက်မှာ ခန့်မှန်းခြေ ၁၃၇၃၂ ဦးခန့်ရှိခဲ့ကြောင်း ပြတိုက်တာဝန်ခံ၏ ပြောကြားချက်အရ သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**ရာမည၊ နိုင်လင်းကြည်**

## အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ လှူဖွယ်ဝတ္ထုနှင့် ဆွမ်းဆက်ကပ်လှူဒါန်း

**ဘားအံ ဇူလိုင် ၁၉**

ကရင်ပြည်နယ် ဘားအံမြို့တွင် နိုင်ငံတော်အတွက် အသက်ပေးလှူသွားသော ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ ကရင်ပြည်နယ်အစိုးရအဖွဲ့မှ (၆၉)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် လှူဖွယ်ဝတ္ထုနှင့်ဆွမ်း ဆက်ကပ်လှူဒါန်းသည့် အခမ်းအနားကို ဇူလိုင် ၁၉ ရက် နံနက် ၈ နာရီက ဘားအံမြို့ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ဓမ္မာရုံ၌ ကျင်းပသည်။

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့ မွန်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးမင်းတင်ဝင်းက သာသနာတော်ဆိုင်ရာများ လျှောက်ထားပြီး ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးစောစံလင်းနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများက ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## အာဇာနည်နေ့အခမ်းအနား ကျင်းပ

**လားရှိုး ဇူလိုင် ၁၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ (၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို လားရှိုးမြို့ အာဇာနည်ကျောက်တိုင်၌ ယနေ့နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် နိုင်ငံတော်အလံအား အလေးပြု၍ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုပြီး နိုင်ငံတော်အလံအား တိုင်ဝက်လွှင့်ထူအလေးပြုကာ ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်များအား နှစ်မိနစ် ငြိမ်သက်ကာ ဆုတောင်းမေတ္တာပို့သခဲ့ကြသည်။ အခမ်းအနားသို့ တက်ရောက်လာကြသော လားရှိုးမြို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ပါတီအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ NGO အဖွဲ့အစည်းများက လွမ်းသူ့ပန်းခွေချကြကြောင်း သိရသည်။ **ဇာဏီအောင်(လားရှိုး)**

# အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအား အောက်မေ့ဖွယ်ရာ ဘာသာပေါင်းစုံဆုတောင်းပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဇူလိုင် ၁၉**

(၆၉)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအား အောက်မေ့ဖွယ်ရာ ဘာသာပေါင်းစုံ ဆုတောင်းပွဲ အခမ်းအနားကို ယနေ့ ညနေ ၃ နာရီခွဲတွင် ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်း အမှတ်(၅၄)၌ကျင်းပသည်။

ရှေးဦးစွာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏သမီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဘာသာပေါင်းစုံမှ အဖွဲ့များသည် ဗိုလ်ချုပ်အောင်ဆန်းအား အောက်မေ့သတိရခြင်းအထိမ်းအမှတ် အဖြစ် နှစ်မိနစ် ငြိမ်သက်ဂါရဝပြုကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူအဖွဲ့ချုပ်အတွင်းရေးမှူး ဦးကျော်သူ၊ အစ္စလာမ် ဓမ္မဗိမာန်ဦးဆောင်ဆော်ဩရေးမှူး အယ်လ်ဟာဂျ်ဦးအေးလွင်၊ ဂျူးဘာသာခေါင်းဆောင် ဦးဆယ်မီ၊ ဘဟာအီသာသနာရေးအဖွဲ့ချုပ်အဖွဲ့ဝင် ဦးကြည်ဝင်းနှင့် ရန်ကုန်ကက်သလစ်သာသနာ့ဂိုဏ်းချုပ် ဆရာတော် ကာဒီနယ် ချားလ်စ်ဘိုတို့က မေတ္တာစကားပြောကြားကြပြီး ကိုးကွယ်ရာဘာသာများအလိုက် ဆုတောင်းမေတ္တာပို့သကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော် သာသနာပိုင်ချုပ် စတီဗင်သန်းမြင့်ဦးက အမှာစကားပြောကြားသည်။ ထို့နောက် သိက္ခာတော်ရ ဆရာ ဦးကျော်ညွန့်က ကောင်းချီးမင်္ဂလာမျှဝေသည်။ ဆုတောင်းပွဲအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် တက်ရောက်လာကြသည့် အဖွဲ့များနှင့် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။ **(ယာပုံ)**

ဆုတောင်းပွဲသို့ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံညီလာခံ အကြိုပြင်ဆင်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦးနှင့် ဘာသာပေါင်းစုံမှတာဝန်ရှိသူများ၊ ဧည့်သည်တော်များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**





**(၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ သံတမန်တစ်ဦး လွမ်းသူ့ပန်းခွေချ အလေးပြုစဉ်။**

(သတင်းစဉ်)



**(၆၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ဇူလိုင် ၁၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မြို့မ(၁)ရပ်ကွက် အာဇာနည်လမ်း စည်ပင်သာယာဝင်းအတွင်းရှိ လွတ်လပ်ရေးကျောက်တိုင်ရှေ့၌ ကျင်းပစဉ်။**

နေလင်း(ညောင်လေးပင်)

# (၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား မန္တလေးမြို့၌ ကျင်းပ

**မန္တလေး ဇူလိုင် ၁၉**

(၆၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီက မန္တလေးမြို့ မန္တလာသီရိ အားကစားကွင်းရှေ့ ရင်ပြင်၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်သည် ပြည်သူများနှင့်အတူ လွမ်းသူ့ပန်းခွေချ အလေးပြုကြသည်။**(အောက်ပုံ)**

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ လွှတ်တော်အဆင့်ဆင့်တို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ မန္တလေးမြို့ရုံးစိုက် တရုတ်ကောင်စစ်ဝန်ချုပ်နှင့်အိန္ဒိယ ကောင်စစ်ဝန်ချုပ်၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများ၊ တိုင်းဒေသကြီး(၆၉)နှစ်မြောက်အာဇာနည်နေ့ ကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီဝင်များ၊ လူမှုရေး အသင်းအဖွဲ့များ၊ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူများ ၂၅၀၀၀ ကျော် တက်ရောက်ကြသည်။

ရှေးဦးစွာ တက်ရောက်လာကြသော ပြည်သူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုခြင်း ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခြင်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား မေတ္တာပို့အမျှဝေရန် နှစ်မိနစ် ငြိမ်သက်ခြင်းများကို ဆောင်ရွက်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းဗိုလ်ရှိန်နှင့် တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များ၊ ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် တက်ရောက်လာကြသော ပြည်သူများသည် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား လွမ်းသူ့ပန်းခွေချ၍ အလေးပြုကြကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**



# (၆၉)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ရန်ကုန် ဇူလိုင် ၁၉**

ဖျာပုံခရိုင် ဖျာပုံမြို့တွင် (၆၉)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျင်းပရာ အခမ်းအနားတွင် မြို့နယ်ဂီတအစည်းအရုံးမှ ဦးဇေယျာဘုန်းမြင့်နှင့်အဖွဲ့က အာဇာနည်နေ့ ဂုဏ်ပြုတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ကြပြီး အငြိမ်းစားကျောင်းဆရာကြီးဦးအောင်မြင့်က အာဇာနည်နေ့အကြောင်း သိကောင်းစရာများ ဟောပြောသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အာဇာနည်ခေါင်းဆောင်ကြီးများ၏ အတ္ထုပ္ပတ္တိ စာစောင်များ ဖြန့်ဝေပေးခဲ့ကြပြီး နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် တိုင်တစ်ဝက် လွှင့်ထူ၍ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုကြသည်။ ဆက်လက်၍ အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သပြေထွန်း**

ကြေးမုံ





# မြန်မာပြည်သူများနှင့် မျိုးဆက်သစ်လူငယ်များအတွက် (၆၉)နှစ်မြောက် အာဇာနည်နေ့အမှတ်တရ စကားများ

**ရန်ကုန် ဇူလိုင် ၁၉**

၂၀၁၆ ခုနှစ် ဇူလိုင်လ ၁၉ ရက်၊ နံနက် ၁၀ နာရီ ၃၇ မိနစ်။

ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တစ်ခွင် နေသာသော်လည်း အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးချိန် ၁၀ နာရီ ၃၇ မိနစ် နီးခါမှ ပဏ္ဍုန်မိုးကလည်း ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် ရွာသွန်းဖြိုးလာပြန်ပါသည်။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ဥဩဆွဲသံများ၊ မော်တော်ယာဉ်နှင့် ရေယာဉ်တို့မှ ဟွန်းတီးသံများ၏ မြည်ဟည်းမှုနှင့်အတူ ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကို တစ်နိုင်ငံလုံးရှိ ပြည်သူအပေါင်းက ရောက်ရာနေရာများမှ ဦးညွှတ်အလေးပြုလျက်ရှိချေပြီ။

မြန်မာအသံနှင့် ရုပ်မြင်သံကြားကလည်း အဆိုတော်မေလှမြိုင်၏ "နှစ်လ ရာသီ ခါရာသီ ရွှေ့ပေမယ့် . . . အာဇာနည်နေ့ကိုဖြင့် မမေ့သင့်ပါသလေ။ အာဇာနည်ခေါင်းဆောင်ကြီးတွေ ကောင်းရာသုဂတိသို့ ရောက်ရှိကြပါစေ . . ."ဟူသည့် "အလေးပြု ပါတယ်လေ"သီချင်းသံများကလည်း မြန်မာပြည်သူတို့၏ အလွမ်းဓာတ်ကို အသစ်တစ်ဖန် နှိုးဆွနေပြန်ပါသည်။

ရန်ကုန်မြို့ရှိ အာဇာနည်ဗိမာန်တွင် ၂၀၁၆ ခုနှစ် (၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို နံနက် ၈ နာရီတွင် စတင်ကျင်းပရာ နိုင်ငံတော်အဆင့်တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ
ဦးဝင်းမြင့်။

မိသားစုဝင်များ တက်ရောက်ဦးညွှတ် ဂါရဝပြု အလေးပြုခဲ့ကြသည်။

မြန်မာပြည်သူများနှင့် မျိုးဆက်သစ်လူငယ်များအတွက် (၆၉)နှစ်မြောက် အာဇာနည်နေ့ အမှတ်တရ စကားများကို မြန်မာ့သတင်းစဉ်က မေးမြန်း၍ ကောက်နုတ်စုစည်းတင်ပြလိုက်ရပါသည်။

**အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ သမီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်**

အမေ့ရဲ့စိတ်ထဲမှာ အာဇာနည်နေ့အတွက် အမှတ်တရစကားဆိုတာ ပြည်သူတွေရဲ့နှလုံးသားက ပေါ်ထွက်လာတဲ့ စကားသံတွေပါပဲ။ အမေက ပြောဖို့မလိုပါဘူး။ ပြည်သူတွေကသာ ပြောဖို့ ဖြစ်ပါတယ်။

**(၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား ကျင်းပရေးဗဟိုကော်မတီ နာယက ဒုတိယသမ္မတ ဦးမြင့်ဆွေ**

အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ ကျေးဇူးရှိပါတယ်။ ဒီအာဇာနည် ခေါင်းဆောင်ကြီးတွေကြောင့် လွတ်လပ်ရေးရခဲ့တာပါ။ ဒါကို ဘယ်တော့မှ မမေ့တဲ့အနေနဲ့ သတိတရဂါရဝပြုတဲ့ အခမ်းအနားဖြစ်ပါတယ်။ ဒီအချိန်ကတော့ ကျွန်တော်တို့နိုင်ငံမှာ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနဲ့ ငြိမ်းချမ်းရေးရရှိဖို့၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုရရှိဖို့ တည်ဆောက်နေတဲ့အချိန်ဖြစ်တယ်။ အာဇာနည်ခေါင်းဆောင်ကြီးတွေတုန်းကလည်း လုပ်ဆောင်ခဲ့တဲ့ ပင်လုံညီလာခံကို ယနေ့ ဆောင်ရွက်နေတဲ့ အနေအထားမှာ တိုင်းရင်းသားစည်းလုံးညီညွတ်မှု



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်
ဒေါ်အောင်ဆန်းစုကြည်။

နဲ့ နိုင်ငံငြိမ်းချမ်းရေးရပြီး တိုင်းသူပြည်သားတွေအားလုံးတိုးတက်မှုအတွက် ဆောင်ရွက်နေချိန် ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးရရှိမယ်လို့ ယုံကြည်ပါတယ်။ တိုင်းပြည်



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ
မန်းဝင်းခိုင်သန်း။

ဖွံ့ဖြိုးတိုးတက်မှုလည်း မကြာခင်မှာ ရရှိတော့မယ်လို့ ယုံကြည်ပါတယ်။

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်**

အမျိုးသားအာဇာနည် ခေါင်းဆောင်ကြီး၊ လွတ်လပ်ရေးဗိသုကာကြီး၊ တပ်မတော်ရဲ့ ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက မူဝါဒချမှတ်ခဲ့တာရှိပါတယ်။ ဒါကတော့ ဒီမိုကရေစီဝါဒသာ လွတ်လပ်ရေးနဲ့ ဆီလျော်တယ်။ ဒီဝါဒသာငြိမ်းချမ်းရေးကို အားပေးတယ်။ ဒီလိုမိန့်မှာခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ဒီမိုကရေစီနိုင်ငံတည်ဆောက်ဖို့နဲ့ ပြည်တွင်းငြိမ်းချမ်းရေးရရှိဖို့ နဂိုကတည်းက နိုင်ငံတော်ရဲ့ အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ချမှတ်ခဲ့တဲ့မူနဲ့အညီ ကျွန်တော်တို့အနေနဲ့ ပန်းတိုင်ကိုရောက်ရှိဖို့အတွက် တက်ညီလက်ညီနဲ့ အမျိုးသားရင်ကြားစေ့ရေးကို အခြေခံပြီးတော့ အားလုံးပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း**

ကျွန်တော့်အနေနဲ့ကတော့ ကိုယ့်အဘိုးရဲ့ တိုင်းကျိုးပြည်ပြုဖော်ဆောင်တဲ့ လုပ်ငန်းကိုဆက်ပြီး လုပ်ကိုင်ခွင့်ရလို့ အများကြီးဝမ်းသာပါတယ်။ တိုင်းပြည်ကောင်းစားအောင်ရယ်၊ တိုးတက်အောင်ရယ် လုပ်ဆောင်သွားဖို့ ရည်မှန်းချက်တွေရှိပါတယ်။ အတတ်နိုင်ဆုံး ကြိုးစားလုပ်ဆောင်သွားမယ်လို့ ပြောကြားလိုပါတယ်။

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**

အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ ဂုဏ်ကျေးဇူးတွေကို မမေ့ဖို့၊ တိုင်းပြည်အတွက် လုပ်သင့်လုပ်ထိုက်တဲ့ကိစ္စတွေကိုအားလုံး စည်းစည်းလုံးလုံး လုပ်ကြဖို့၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးရေးကိစ္စတွေကို တိုင်းသူပြည်သားတွေအနေနဲ့ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် လုပ်ဆောင်သွားကြဖို့ ပြောချင်ပါတယ်။

**အာဇာနည်ခေါင်းဆောင်ကြီး သခင်မြ၏ မွေးစားသား ဦးရဲမြင့်အောင်**

အာဇာနည်ခေါင်းဆောင်ကြီးတွေ ဆောင်ရွက်ခဲ့ပုံနဲ့ စိတ်ဓာတ်တွေကို ဆက်လက်ပြီး ထိန်းသိမ်းထားဖို့လိုပါတယ်။ အာဇာနည်စိတ်ဓာတ်ဆိုတာ တိုင်းပြည်အတွက် ကိုယ်ကျိုးစွန့်ဆောင်ရွက်ခဲ့ကြတာဖြစ်တယ်။ နောင်မျိုးဆက်တွေ တိုင်းပြည်အကျိုးကို ဝိုင်းဝန်းပြီး ဆောင်ရွက်ပေးကြပါလို့ ပြောလိုပါတယ်။

**အာဇာနည်ခေါင်းဆောင်ကြီး ဒီးဒုတ် ဦးဘချို၏ မြေး ဦးသန့်စင်ချို**

အခု ဒီမိုကရေစီလမ်းကြောင်းပေါ် ရောက်နေတဲ့အချိန်မှာ လမ်းကြောင်းက သွေဖည်မသွားအောင် အားလုံးသတိရှိရှိနဲ့ ကြိုးစားပြီး အလုပ်ကိုလုပ်ကြဖို့၊ နိုင်ငံ့ဝန်ထမ်းတွေအနေနဲ့လည်း ပင်ပန်းတယ်လို့ သဘောမထားဘဲ ကျရာနေရာမှာ ကြိုးစားပြီးဝိုင်းဝန်းလုပ်ကြဖို့ လိုပါတယ်။ မျိုးဆက်သစ်တွေအနေနဲ့ အခုလို အာဇာနည်နေ့ကို မပျက်မကွက် အစဉ်အလာတစ်ခုကို ဆက်လက်ကျင်းပနိုင်အောင် ထိန်းသိမ်းသွားကြဖို့၊ အချိန်မဖြုန်းဘဲ ဗဟုသုတ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်။

တွေ ရှာဖွေဖို့ မှာချင်ပါတယ်။

**အာဇာနည်ရဲဘော်ကိုထွေး၏တူ ဒုတိယဗိုလ်မှူးကြီးအောင်ကိုကို (အငြိမ်းစား)**

အာဇာနည်နေ့ကို ကြုံကြိုက်လာတာ ခုဆို (၆၉)နှစ်ရှိပါပြီ။ ကမ္ဘာတည်သရွေ့ နှစ်တိုင်းလည်း လုပ်ဆောင်ရမယ့် အခမ်းအနားပါ။ ဗိုလ်ချုပ်နဲ့တကွ ခေါင်းဆောင်ကြီးတွေ နိုင်ငံအတွက် အသက်ပေးပြီး လွတ်လပ်ရေးရအောင် ဆောင်ရွက်ခဲ့တယ်။ လွတ်လပ်ရေးရရင် ဘယ်လိုဆောင်ရွက်မယ်ဆိုတာ စီမံခန့်ခွဲခဲ့တယ်။ ဒီလိုကြိုးစားမှုတွေကြောင့် ရလာတဲ့အသီးအပွင့်တွေကို အားလုံးက အမှတ်တရရှိဖို့ လိုပါတယ်။

လူငယ်တွေသာမက လူကြီးတွေရော ဒီအာဇာနည်တွေရဲ့ လုပ်ဆောင်ချက်တွေကို ပြန်ပြီးတမ်းတသတိရပြီး အတတ်နိုင်ဆုံး ကိုယ့်တိုင်းပြည်နဲ့ လူမျိုးအတွက် ဆောင်ရွက်သင့် ဆောင်ရွက်ထိုက်တာတွေ၊ လွတ်လပ်ရေးမဆုံးရှုံးအောင် လုပ်သင့်လုပ်ထိုက်တာတွေ လုပ်ကြဖို့ သန္နိဋ္ဌာန်ချပြီး ဆောင်ရွက်စေချင်ပါတယ်။

**အာဇာနည်ခေါင်းဆောင်ကြီးမန်းဘခိုင်၏ မြေး မန်းသင်းခိုင်သန်း**

အာဇာနည်ခေါင်းဆောင်ကြီးတွေ ချမှတ်ခဲ့တဲ့လမ်းစဉ်အတိုင်း တစ်သဝေမတိမ်းလိုက်ခဲ့ဖို့၊ တိုင်းရင်းသားစည်းလုံးညီညွတ်ဖို့၊ တန်းတူညီမျှရှိဖို့၊ ဒါတွေက ဗိုလ်ချုပ်တို့ခေါင်းဆောင်တွေဖြစ်ချင်တဲ့ ဆန္ဒအမွေတွေ ထိန်းသိမ်းဖို့ ပြောချင်ပါတယ်။ မျိုးဆက်သစ်တွေအနေနဲ့ တိုင်းပြည်ရဲ့ တိုးတက်ရာတိုးတက်ကြောင်းကို အစွမ်းကုန်ကြိုးစားကြပါ။



ဒုတိယသမ္မတ ဦးမြင့်ဆွေ။

**အာဇာနည်ခေါင်းဆောင်ကြီး မန်းဘခိုင်၏ သမီး ဒေါ်မြင့်မြင့်ခိုင်**

တိုင်းပြည်ကောင်းအောင် အားလုံး ဝိုင်းဝန်းကြိုးပမ်းကြပါလို့ ပြောလိုပါတယ်။

**အာဇာနည်ခေါင်းဆောင်ကြီး ဦးရာဇတ်၏ အကြီးဆုံးသား ဦးတင်မြင့်**

အခုတက်လာတဲ့ အစိုးရက ပြည်သူလူထုက ရွေးချယ်တင်မြှောက်ထားတာဖြစ်တယ်။ ပြည်သူက မျှော်လင့်ချက်တွေလည်း အများကြီးထားကြတယ်။ ဒါတွေကို စိတ်မစောစေချင်ဘူး။ အချိန်ယူပါ။ သည်းညည်းခံပါ။ အစိုးရက လုပ်နေပါတယ်။ မျိုးဆက်သစ်တွေအနေနဲ့ ပညာတတ်ဖို့ အရေးကြီးတယ်။ ပညာတတ်မှ တိုင်းပြည်က တင့်တယ်မှာဖြစ်တယ်။ အတန်းပညာတင် မဟုတ်ပါဘူး။ အတတ်ပညာပါတတ်ဖို့လိုတယ်။ တိုင်းပြည်မှာ အခွင့်အရေးတွေက အများကြီးပေါ်လာပါပြီ။ မျိုးချစ်စိတ်ရှိရမယ်။ ပြည်သူ့နီတိကိုလည်း တတ်ရမယ်။ ဒါကိုသိမှ ပြည်သူကောင်းဖြစ်မှာ။ ဒါတွေကို မျိုးဆက်သစ်တွေကိုမှာချင်တာပါ။

**အာဇာနည်ခေါင်းဆောင်ကြီး ဦးအုန်းမောင်၏ အငယ်ဆုံးသား ပါမောက္ခ/ဌာနမှူး(ငြိမ်း) ကုန်ထုတ်ဓာတုဗေဒဌာန ဒေါက်တာမင်းမြင့်**

တိုင်းပြည် လွတ်လပ်ရေးကို တည်တံ့ခိုင်မြဲအောင် ဆက်လက်ကြိုးစားစေချင်တယ်။ ဗိုလ်ချုပ်လို အာဇာနည်စိတ်ဓာတ်၊ ထူးချွန်ထက်မြက်သော ဉာဏ်ပညာ၊ ခေါင်းဆောင်မှု၊ ရိုးသားဖြောင့်မတ်မှုတွေကို ပြည်သူတွေ အတုယူစေချင်တယ်။ တခြားအာဇာနည်ခေါင်းဆောင်တွေလည်း သူ့အလျောက်သူပါပဲ၊ အတုယူစေချင်တယ်။ လမ်းခင်းပေးခဲ့တဲ့ လွတ်လပ်ရေးနဲ့ တိုင်းပြည်တိုးတက်ကြီးပွားရေး၊ ပြည်ထောင်စုစည်းလုံးညီညွတ်ရေး၊ အခုလည်း ငြိမ်းချမ်းရေးလုပ်နေပါတယ်။ ဒါတွေကို ဆက်လက်ထိန်းသိမ်းနိုင်ဖို့ မျိုးဆက်သစ်တွေ ကျရာတာဝန်ကို သူ့နေရာနဲ့သူ ဝိုင်းဝန်းပြီး လုပ်ဖို့ကောင်းပါတယ်။

**အာဇာနည်ခေါင်းဆောင်ကြီး ဦးဘဝင်း၏ အငယ်ဆုံးသား ဦးထွေးဝင်း**

တိုင်းပြည်တိုးတက်အောင် နှစ်ဆလောက် ကြိုးစားရမယ်။ ဒါမှ တော်ရုံလောက်ကျမှာပါ။ မလိမ်ကြ၊ မညာကြပါနဲ့။ မျိုးဆက်သစ် နောင်လာနောက်သားတွေကို ပြောကြားချင်တာကတော့ ဒီလိုနေ့ကို မမေ့ပျောက်အောင် ကြိုးစားကြပါလို့ ပြောလိုပါတယ်။

**မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၏သား စဝ်ကိုင်ဖ**

အာဇာနည်နေ့ နှစ်တိုင်းတက်ပါတယ်။ အာဇာနည်နေ့တိုင်းပဲ ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုပြီး ဖခင်ကြီးကို ဂါရဝပြုတယ်။ နိုင်ငံတော်ကလည်း စီစဉ်ပေးတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်။

မျိုးဆက်သစ်တွေကို ပြောကြားချင်တဲ့စကားကတော့ အာဇာနည်ခေါင်းဆောင်ကြီးတွေ အသက်ပေးလှူသွားကြတယ်။ နောက်ပြီးသူတို့တစ်တွေ ညီညီညွတ်ညွတ် လုပ်ဆောင်သွားတာကို အားလုံးက နမူနာယူပြီး ညီညီညွတ်ညွတ်နဲ့ ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြပါလို့ မှာကြားလိုပါတယ်။

**တွေ့ဆုံမေးမြန်း-ခင်မောင်ထွေး၊ ဝင်းဝင်းမော်၊ မြတ်စန္ဒီ၊ ဓာတ်ပုံ-ဇော်မင်းလတ်**

# သမိုင်းစာမျက်နှာသစ်ဖွင့်လှစ်လိုက်သည့် အတွင်းဝန်ရုံး၏ အာဇာနည်နေ့အခမ်းအနား

စုစည်းရေးသားသူ - သီသီမင်း
ဓာတ်ပုံ - ဖြိုး

ရန်ကုန် ဇူလိုင် ၁၉

**အာဇာနည်နေ့သမိုင်းစတင်ဖြစ်ပေါ်ရာနေရာဖြစ်သည့် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ဝန်ကြီးများရုံး (ယခင်အတွင်းဝန်များရုံးဟောင်း)အတွင်းရှိ တိုင်းပြုပြည်ပြုပါလီမန် အစည်းအဝေးခန်းမရှေ့ အလံတိုင်အနီး အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မော်ကွန်းကမ္ပည်းရေးထိုးထားသည့် ကျောက်စာတိုင်ရှေ့တွင် (၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ယနေ့နံနက် ၈ နာရီ ၅ မိနစ်က ကျင်းပသည်။**

ယနေ့ကျင်းပသည့် (၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် တိုင်းပြည်အတွက် လွတ်လပ်ရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်ရင်း ကျဆုံးခဲ့ရသည့် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး(မြို့တော်ဝန်) ဦးမောင်မောင်စိုးနှင့် တက်ရောက်လာသူများက ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် အလံတိုင်တစ်ဝက်လျှော့ချအလေးပြုခြင်းနှင့် နှစ်မိနစ်ငြိမ်သက်စွာ မေတ္တာပို့အမျှဝေခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။

**အခမ်းအနားသို့တက်ရောက်လာသည့် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ မြို့တော်ဝန် ဦးမောင်မောင်စိုး(ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ)က** "ဗိုလ်ချုပ်တို့ ကျဆုံးခဲ့တဲ့နေရာ၊ အာဇာနည်ခေါင်းဆောင်ကြီးတွေ ကျဆုံးခဲ့တဲ့နေရာဖြစ်တဲ့အတွက် နောင်လာနောက်သားတွေသိအောင် အဓိက ကတော့ သမိုင်းပျောက်မှာစိုးတဲ့အတွက် သမိုင်းကို ပြန်ပြီးဖော်ထုတ်တာပါ။ စစ်မှန်တဲ့ ထုတ်ဖော်မှုဖြစ်လို့ ဂုဏ်လည်းယူပါတယ်။ သမိုင်းဆိုတာကို ဟိုတစ်စ ဒီတစ်စဖော်ထုတ်ပြီးတော့ ကလေးတွေ တန်ဖိုးထားတတ်လာအောင်၊ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်ရဲ့ နိုင်ငံ့ခေါင်းဆောင်တွေကို ချစ်တဲ့စိတ်၊ တန်ဖိုးထားတတ်မှပဲ တိုင်းပြည်က ကြီးပွားမှာ၊ အဲဒါကို အခြေခံပြီး လုပ်ပေးတာပါ။ ကလေးတွေကို ကိုယ့်နိုင်ငံအကြောင်း၊ ကိုယ့်လူမျိုးအကြောင်း၊ ကိုယ့်ရဲ့သမိုင်းအကြောင်းကို သိစေချင်တဲ့အတွက်ပါ။

ရန်ကုန်မြို့တော်တော်များများမှာ တစ်ပြိုင်တည်းလုပ်နေကြပါတယ်။ ဒီနှစ်ထူးခြားတာက အရင်တုန်းက မလုပ်ဖြစ်တဲ့နေရာတွေလုပ်ခွင့်ရသွားတယ်။ စည်းကမ်းတကျနဲ့ ဦးတည်ချက်မှန်မှန်နဲ့ လုပ်တဲ့အတွက်ကြောင့် ဂုဏ်လည်းယူပါတယ်"ဟု ပြောသည်။

**စာရေးဆရာမ ဒေါ်သန်းမြင့်အောင် (ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင်)က** "အာဇာနည်နဲ့ပတ်သက်လို့ မေးမှိန်သွားခဲ့တာကြာပြီ။ စာအုပ်စာပေတွေကအစပေ့ါ။ ဒီအတွင်းဝန်များရုံးမှာ ဗိုလ်ချုပ်တို့ကျဆုံးသွားတာ။ ဒီအတွင်းဝန်ရုံးက အာဇာနည်နေ့သမိုင်းရဲ့ ဘူမိနက်သန်နေရာပါ။ ဗိုလ်ချုပ်တို့ သွေးမြေခဲ့တဲ့ ဒီအတွင်းဝန်ရုံးကြီးထဲကို ကျောင်းသား ကျောင်းသူတွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေ၊ ပရဟိတအသင်းတွေ၊ ပြည်သူ့ရဲ၊ ကြက်ခြေနီ၊ အရန်မီးသတ်၊ လူငယ်တွေ အားလုံးစုပေါင်းပြီး ဒီနေရာမှာ စည်းကမ်းထိန်းသိမ်းရေးတာဝန်ကျပြီး ပြည်သူလူထုတွေနဲ့ တပေါင်းတစည်းတည်း၊ တညီတညွတ်တည်း ကျင်းပခွင့်ရတာ ဆောင်ရွက်ခွင့်ရတာ ဒါပထမဆုံးဖြစ်လို့ အင်မတန်မှ ဂုဏ်ယူမိပါတယ်။ ဒီလို မြင်ကွင်းမျိုးကို ကျွန်မတို့ မြင်တွေ့ခွင့်ရပါပြီ။ ကိုယ်တိုင်တက်ရောက်ခွင့်လည်းရတယ်။ ဒီမတိုင်ခင် တစ်လလောက်က ကြိုတင်ပြင်ဆင်ခွင့်လည်းရတယ်။ အဲဒီအတွက် အင်မတန်ဂုဏ်ယူပါတယ်။ ဒါဟာ သမိုင်းရဲ့စာမျက်နှာသစ်ကို ဖွင့်လိုက်တာပါပဲ"ဟု ပြောသည်။

**ဦးဝင်းသိန်းဦး (လာရောက်ကြည့်ရှုလေ့လာသူ)က** "ဒီနေ့လာကြည့်တာ ပထမဆုံးအကြိမ်ပါ။ မနှစ်ကမလာဖြစ်လိုက်ဘူး။ ကျွန်တော့် အဘိုးအဘွားတွေက အတွင်းဝန်ရုံးမှာ စာရေးဝန်ထမ်းတွေ လုပ်ခဲ့ဖူးတာဆိုတော့ ငယ်ငယ်က ဒီအတွင်းဝန်ရုံးကြီးထဲမှာ ကစားခဲ့တာ။ စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်တွေဆို ကိုးမီလီမီတာစက်ကလေးနဲ့ ရုပ်ရှင်ပြတယ်။ ရုပ်ရှင်ကြည့်ချင်ရင် ကျွန်တော်က ဒီကိုလာပြီး ရုပ်ရှင်ကြည့်တယ်။ ဗိုလ်ချုပ်တို့ ကျဆုံးသွားခဲ့တဲ့အခန်းဆို ကျွန်တော်တို့ငယ်ငယ်က ကစားနေတဲ့အခန်းတွေလေ။ ၁၉၈၂ ကနေ ၁၉၈၄ ထိနေခဲ့တာ။ အဲဒီတုန်းက ဒီရုံးကြီးက အများပြည်သူကြည့်အောင် ဖွင့်ပေးထားတာမဟုတ်ပါဘူး။

အတွင်းပုံစံတွေက ဂျာမနီနိုင်ငံရဲ့ အိမ်အတွင်းပြင်ဆင်မှုပုံစံ၊ ခန့်တယ်၊ လှတယ်၊ ရှေးလူကြီးတွေ ပိုက်ဆံရှိတဲ့သူတွေဆို အတွင်းဝန်ရုံးက အခန်းတွေကို အတုယူပြီးဆောက်တယ်လို့ ကြားဖူးတယ်။ ငယ်ငယ်တုန်းက ဇလီဖားတုံး သေးသေးလေးတွေနဲ့ လှေကားကိုတက်ရဆင်းရတာ သတိရတယ်။ အခု ရှိ မရှိ မသိတော့ဘူး"ဟု ပြောသည်။

**ဆရာမဒေါ်မြင့်မြင့်အေး(အထက-၆၊ ဗိုလ်တထောင်)က** "အခုနှစ်အတွင်းဝန်ရုံးကိုလေ့လာခွင့်ရတယ်။ ကျဆုံးသွားတဲ့ အာဇာနည်ခေါင်းဆောင်တွေကိုလည်း အလေးပြုခွင့်ရတယ်။ ပြခန်းကတော့ ဒီနှစ် တက်မကြည့်ရဘူး။ ပြင်ဆင်နေတယ်လို့ သိရပါတယ်။ ရှေ့နှစ်တော့ တက်ပြီးလေ့လာခွင့်ရမယ်ထင်ပါတယ်။ အခုပြထားတဲ့ပုံတွေကို ကလေးတွေကိုပြပြီး ရှင်းပြပါတယ်။ ဒီနှစ် တစ်မြို့လုံးအလွန်စည်တဲ့အတွက် ထူးခြားတဲ့နှစ်လို့ ဆိုနိုင်ပါတယ်"

**မောင်စောနေထူး (ကျောင်းသား၊ အထက-၆၊ ဗိုလ်တထောင်)က** "ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ အာဇာနည်ခေါင်းဆောင်ကြီးတွေ ကျဆုံးတဲ့နေရာကိုလာလေ့လာတာပါ။ အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ တိုင်းပြည်အတွက် အသက်ပေးသွားတာကို ဆရာ ဆရာမတွေပြောပြလို့ သိရတဲ့အတွက် စိတ်မကောင်းလည်းဖြစ်မိပါတယ်။ နောက်ပြီး အခုလို အလေးပြုခွင့်ရလို့လည်း ဂုဏ်ယူမိပါတယ်"ဟု ပြောသည်။

**ဦးရဲထူး(မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူး)က** "ဒီအဆောက်အအုံက အနော်မာအနုပညာအဖွဲ့က ပြင်ဆင်နေတာပါ။ ရှေးဟောင်းအဆောက်အအုံဖြစ်တဲ့အခါကျတော့ ပြင်ဆင်တဲ့အပိုင်းက နည်းနည်း ပညာပိုင်းဆိုင်ရာအကူအညီနဲ့ ပြင်ရတာပါ။ သာမန်အဆောက်အအုံ ပြင်သလိုမရဘူး။ အချိန်အကန့်အသတ်ရှိတယ်။

ဒီနှစ်အဆောက်အအုံရဲ့ ကြံ့ခိုင်မှုထက် လှေကားကမခိုင်တော့ဘူး။ ဆွေးနေတယ်။ မနှစ်ကတက်ခွင့်ပြုလိုက်သေးတယ်။ ဒီနှစ်အနေအထားကြည့်တဲ့အခါကျတော့ အန္တရာယ်ရှိနိုင်ပါတယ်။ လူအကန့်အသတ်နဲ့ တက်ခိုင်းပြန်ရင်လည်း တချို့လာကြည့်တဲ့သူတွေကို ထိန်းရတာမလွယ်ဘူး။ လူအင်အားများသွားရင် ပြိုကျမှာစိုးတယ်။ ဒါ့ကြောင့် ဒီနှစ်ပိတ်လိုက်တာပါ။ ရှေ့နှစ်မှာတော့ ကုမ္ပဏီရဲ့ ပြင်ဆင်မှုအနေအထားအရ ဖွင့်ပေးနိုင်မယ်လို့ ယူဆပါတယ်။ အတိအကျတော့မပြောတတ်ဘူး"ဟု ပြောသည်။

ဗိုလ်ချုပ်နှင့် အာဇာနည်ခေါင်းဆောင်များကျဆုံးခဲ့သည့် ပင်မအဆောက်အအုံမှာ နှစ်ပေါင်း ၁၂၀ ကျော်သက်တမ်းရှိပြီဖြစ်ရာ အပေါ်သို့တက်ရန် အန္တရာယ်ရှိသည့်အတွက် အတွင်းဝန်များရုံးသို့ လာရောက်လေ့လာသည့် ပြည်သူများသည် အစည်းအဝေးခန်းမသို့သွားသည့် ပင်မကြောင်လိမ်လှေကား၊ အစည်းအဝေးခန်းမသို့သွားသည့် လျှောက်လမ်း၊ အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးခဲ့သည့် အစည်းအဝေးခန်းမမျက်နှာစာ၊ အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးခဲ့သည့် အစည်းအဝေးခန်းမစသဖြင့် အစည်းအဝေးခန်းမရှေ့ မြေပြင်တွင် စိုက်ထူပြသထားသည့် ဓာတ်ပုံပိုစတာများကို လေ့လာကြည့်ရှုကြသည်။

ထို့ပြင် ဝန်ကြီးများရုံး(ယခင်အတွင်းဝန်များရုံးဟောင်း)အတွင်းရှိ သမိုင်းမှတ်တမ်းများရှိရာ တိုင်းပြုပြည်ပြုလွှတ်တော်ပါလီမန် အဆောက်အအုံခန်းမအတွင်း ဝင်ရောက်လေ့လာသူများ၊ အာဇာနည်ကိုးဦး၏ မော်ကွန်းကမ္ပည်းကျောက်စာတိုင်ရှေ့တွင်လည်း လာရောက်ကြည့်ရှုလေ့လာသူများ၊ အလေးပြုသူများဖြင့် အတွင်းဝန်များရုံးအတွင်း အထူးစည်ကားခဲ့သည်။ ။


ဦးမောင်မောင်စိုး


ဒေါ်သန်းမြင့်အောင်


ဦးရဲထူး


ဦးဝင်းသိန်းဦး



(၆၉)နှစ်မြောက် အာဇာနည်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်၌ ပြည်သူများ ကြည့်ရှုလေ့လာကြစဉ်။
ခင်မောင်ဝင်း(ကြေးမုံ)


(၆၉)နှစ်မြောက် အာဇာနည်နေ့တွင် ရန်ကုန်မြို့ ကန်တော်ကြီးရှိ ဗိုလ်ချုပ်ကြေးရုပ်ရှေ့၌ ပြည်သူများ လာရောက်ဂါရဝပြုကြစဉ်။
ခင်မောင်ဝင်း(ကြေးမုံ)

# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်မှ သဘာဝဘေးအန္တရာယ်များမှ လွတ်မြောက်နိုင်မည်သာ

မောင်ချစ်လင်း



ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ၁၉၇၄ ခုနှစ် ဇွန် ၅ ရက်မှစတင်ကာ သတ်မှတ်ခဲ့ကြပြီး ယခုနှစ်ဆိုလျှင် ၄၂ နှစ်တင်းတင်းပြည့်ခဲ့ပြီးဖြစ်ရာ ကမ္ဘာနှင့်အဝန်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို နှစ်စဉ် ကျင်းပလျက်ရှိကြောင်း သိရသည်။

ထိုသို့ပြုလုပ်ကြရာတွင် မြန်မာနိုင်ငံသည်လည်း သစ်ပင်စိုက်ပျိုးပွဲတော်များကို နိုင်ငံတစ်ဝန်းပြုလုပ်နေကြသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်သည် အထက်ရွက်ပြတ်ရောနှော တောစို၊ တောခြောက်၊ အမြဲစိမ်းတော၊ အင်တိုင်းတောများကို ကြိုးဝိုင်းကြိုးပြင်ကာကွယ်တော၊ သဘာဝထိန်းသိမ်းရေးနယ်မြေများအဖြစ် သစ်တောဦးစီးဌာနမှ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ထိုသစ်တော၊ သစ်ပင် သဘာဝပတ်ဝန်းကျင်များ ဘာကြောင့်ပျက်စီးရလဲဆိုရင် သစ်တောပြုန်းတီးခြင်း၊ ဂေဟစနစ်ပျက်စီးခြင်း၊ ကမ္ဘာကြီးပူနွေးလာခြင်း၊ ရာသီဥတုပြောင်းလဲခြင်းတို့ကြောင့် ဖြစ်ပါတယ်။ "ကျွန်မတို့ဒေသက မဲဇာချောင်း ဘာကြောင့်ပျက်စီးလာရလဲဆိုရင် မဲဇာချောင်းဖျားမှာ တရားဝင်ရော၊ တရားမဝင်ရော ရွှေတူးဖော်ခြင်းလုပ်ငန်းတွေကြောင့် ပျက်စီးတာလည်းပါပါတယ်။ မဲဇာချောင်းရိုးတစ်လျှောက်လုံးမှာလည်း ရွှေလုပ်ငန်းတွေကို တချို့နေရာတွေမှာဆိုရင် ခုချိန်ထိ လုပ်ကိုင်နေတာတွေကို တွေ့မြင်နေရပါတယ်။ ကျွန်မတို့ မဲဇာချောင်းရိုးတစ်လျှောက်မှာ ကျေးရွာပေါင်း ၃၀ ကျော် တည်ရှိနေပြီး မဲဇာချောင်းဟာ ဗန်းမောက်မြို့နယ်ထဲမှစတင်ပြီး အင်းတော်မြို့နယ်ကို ဖြတ်သန်းကာ ထီးချိုင့်မြို့နယ်အတွင်းမှာ ဧရာဝတီမြစ်နဲ့ ပေါင်းဆုံပါတယ်။ ဒါကြောင့် မဲဇာချောင်းဟာ ကျွန်မတို့ရဲ့ အသက်သွေးကြောဖြစ်တဲ့အတွက် မဲဇာချောင်း ပြန်လည်ရှင်သန်လာစေဖို့ သက်ဆိုင်ရာ ဌာနအသီးသီးတွေကလည်း လုပ်ဆောင်ပေးကြဖို့လိုပါတယ်"ဟု ကဒူးလူငယ်ဖွံ့ဖြိုးရေးအသင်းဝင် အိအိမွှေးက ပြောသည်။

"ကျွန်တော်တို့နေတဲ့အရပ်ဟာ တကယ့်ကို သစ်တော၊ တောင်တွေထူထပ်တဲ့ အရပ်ဒေသဖြစ်တယ်။ ခုဆိုရင် သဘာဝသစ်တောတွေ ပျက်စီးလာတယ်။ သစ်တောတွေ နည်းပါးလာပြီး ချောင်းတွေလည်း ပျက်စီးလာပါပြီ။ ကျွန်တော်တို့ဒေသဟာ ကသာခရိုင်ရဲ့ သစ်တောတွေ ထူထပ်တဲ့ ဒေသရာဇဝင်ထဲမှာဆိုရင် လက်ဝဲသုန္ဒရပို့ခဲ့တဲ့အရပ်၊ တကယ့်ကို တောတောင်တွေ ထူထပ်လွန်းလို့ လက်ဝဲသုန္ဒရရေးခဲ့တဲ့ ကဗျာမှာတောင် ဆီးနှင်းပေါက်က မိုးလောက်သည်းထန်ဆိုတဲ့စာသားကို တွေ့ရမှာဖြစ်ပါတယ်။ ကျွန်တော်သိသလောက်ဆိုရင် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းမှာ ကျေးလက်ဒေသမှာရှိတဲ့ တောင်သူတွေအနေနဲ့လည်း တစ်နိုင်တစ်ပိုင် သစ်စက်တွေလုပ်ကြတယ်။ ဌာနဆိုင်ရာတွေကလည်း လျစ်လျူရှုထားကြတယ်ဆိုတော့ သစ်တောတွေဟာ တော်တော်များများ ပြုန်းတီးသွားတယ်။

"သဘာဝပတ်ဝန်းကျင်နဲ့ပတ်သက်ပြီးမှ ကျွန်တော်တို့ရဲ့ အသုံးအဆောင်တွေဟာ ရယ်ဒီမိတ်တွေကို တော်တော်များများ သုံးစွဲလာတယ်။ အဲဒီသုံးစွဲလာတဲ့ ရယ်ဒီမိတ်တွေ၊ ပလတ်စတစ်တွေကို ကျွန်တော်တို့ စနစ်တကျစွန့်ပစ်ခြင်း မရှိကြဘူး။ သဘာဝပတ်ဝန်းကျင်တွေ ပျက်စီးလာတဲ့အတွက် အထူးသဖြင့် ရာသီဥတုတွေ ပူနွေးလာတယ်။ လေပြင်းမုန်တိုင်းတွေ တိုက်ခတ်လာတယ်။ ငလျင်တွေ လှုပ်လာတယ်။ သဘာဝပတ်ဝန်းကျင်ထိခိုက်လာတာတွေကို တွေ့မြင်လာရတယ်။ ကျွန်တော်တို့ဒေသမှာ အထူးသဖြင့် သစ်တောတွေ ပြုန်းတီးရခြင်းမှာ ကုမ္ပဏီကြီးတွေက သစ်ထုတ်လုပ်တာလည်းပါတယ်။

"နောက်ပြီး ကျွန်တော်တို့ဒေသမှာ ချိန်းဆောကို အလွယ်တကူ ရရှိနေတာလည်းပါတယ်။ နောက်တစ်ခုက တရားမဝင်သတ္တုတူးဖော်တာ ကျွန်တော်တို့ဆီမှာ ကပြုန်းလို့ခေါ်တဲ့ရွှေလုပ်တာရှိတယ်။ ကျောက်ရွှေလို့ခေါ်တဲ့ဟာရှိတယ်။ ကျောက်စိမ်းလည်း ထွက်သေးတယ်ဆိုတော့ ကျောက်စိမ်းတူးဖော်တာတွေလည်းရှိတယ်။ ဒါတွေဟာ သစ်တောဧရိယာအတွင်းမှာ တူးဖော်နေတာတွေရှိတယ်။ ဒါကြောင့် သစ်တောတွေ တော်တော်များများပြုန်းတီးသွားတာဖြစ်ပါတယ်။ စောစောကပြောခဲ့တဲ့ ချိန်းဆောနဲ့ပတ်သက်ရင် ကျွန်တော်တို့ရဲ့ဒေသမှာ ဟိုးယခင်က သစ်ပင်တွေလှဲတဲ့အခါ ခွန်၊ ရဲတင်းတို့နှင့် လှဲတဲ့အခါမှာ သစ်တောဟာ အမြန်အဆန်မပြုန်းတီးခဲ့ဘူး။ ခုဆိုရင် တရုတ်ကနေပြီး ဝင်လာတဲ့ ချိန်းဆောတွေကို အသုံးပြုပြီးမှ သစ်ပင်တွေကိုလှဲတယ်။ ပျဉ်တို့၊ တိုင်တို့ဖြတ်တဲ့အခါမှာလည်း ချိန်းဆောနဲ့ အလွယ်တကူ အသုံးပြုလို့ရနေပြီဖြစ်တဲ့အတွက် သစ်တောတွေဟာ နေ့ချင်းညချင်းဆိုသလို ဒီတစ်နှစ်၊ နှစ်နှစ်အတွင်းမှာ ပြုန်းတီးသွားတာကို တွေ့ရပါတယ်။

၂၀၁၃ ခုနှစ်မှာ ကျွန်တော်တို့အဖွဲ့ဟာ သစ်တောဌာနနဲ့ပူးပေါင်းပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ပတ်သက်ပြီး လက်တွဲလုပ်ဆောင်ခဲ့တယ်။ နှစ်စဉ်နှစ်တိုင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဇွန် ၅ ရက်မှာ ကျွန်တော်တို့ သစ်ပင်တွေစိုက်ခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ ရည်မှန်းထားတာကတော့ ကျွန်တော်တို့ရဲ့ဒေသမှာ သစ်တောတွေ ပြန်လည်စိမ်းလန်းလာမယ်။ ရာသီဥတုတွေ ပုံမှန်ဖြစ်ပြီးမှ တကယ့်ကိုပဲ စိမ်းစိမ်းလန်းလန်းနဲ့ သဘာဝပတ်ဝန်းကျင် ပြန်လည်ထိန်းသိမ်းမယ်လို့ ရည်ရွယ်လုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။ အဲဒီလိုဖြစ်လာဖို့ဆိုရင် ပြည်သူလူထုအနေနဲ့လည်း အမြင်ပွင့်ဖို့လိုပါတယ်။ ခုချိန်မှာဆိုရင် ၂၄ နာရီ မီးတွေလည်းရလာကြပြီဆိုတော့ ၂၄ နာရီ မီးတွေကိုသုံးမယ်။ ထင်းခုတ်တာတွေကိုလည်း လျှော့မယ်။ တောင်ယာနဲ့ လယ်တည်တာတွေကိုလည်း စနစ်တကျလုပ်ပြီးမှ အဖွဲ့ပိုင်သစ်တောတွေကို ထိန်းသိမ်းမယ်။ ကျွန်တော်တို့ လူမှုရေးအသင်းအဖွဲ့တွေအနေနဲ့လည်း ပြည်သူလူထုကို ပညာပေးမယ်။ ဌာနဆိုင်ရာတွေနဲ့လည်း ပူးပေါင်းလုပ်ကိုင်မယ်ဆိုရင်တော့ သဘာဝပတ်ဝန်းကျင်ကို ပြန်လည်ပြီး ထိန်းသိမ်းနိုင်မယ်လို့ ကျွန်တော့်အနေနဲ့ မြင်ပါတယ်"ဟု အင်းတော်မြို့နယ် ကဒူးလူငယ်ဖွံ့ဖြိုးရေးအသင်း ဒုတိယဥက္ကဋ္ဌ ဦးဇော်မျိုးထွန်းက ပြောသည်။

ကသာခရိုင်တစ်ခုလုံးတွင်သာမက မြန်မာနိုင်ငံတစ်ဝန်းလုံးတွင်လည်း သစ်တောပြုန်းတီးမှု အရှိန်အဟုန်မြင့်တက်လာနေမှုတို့ကြောင့် မေလအတွင်းက မြန်မာနိုင်ငံအနှံ့အပြားတွင် မိုးသီးများကျခြင်း၊ ရေကြီးရေလျှံခြင်း၊ လေပြင်းမုန်တိုင်းများ ဝင်ရောက်တိုက်ခတ်ခြင်း၊ ငလျင်စသော သဘာဝဘေးအန္တရာယ်များ ကျရောက်လာခြင်းမှာ သဘာဝပတ်ဝန်းကျင်များ ပျက်စီးလာသော အကြောင်းရင်းများကြောင့် ရရှိလာသော ဒဏ်ရာများသာဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# အခွန်တံဆိပ်ခေါင်း ဘယ်လိုရောင်းကြမလဲ

ဝင်းမြင့်ထွန်း(တောင်ဥက္ကလာ)

နိုင်ငံတော်အခွန်တံဆိပ်ခေါင်းများကို တံဆိပ်ခေါင်းခွန်ရောင်းချသော ကိုယ်စားလှယ်များခန့်ထားပြီး ရောင်းချတော့မည်ဟုကြားသိရပါသည်။ သတင်းစာများတွင် ကိုယ်စားလှယ်လုပ်လိုသူများ လျှောက်ထားတင်သွင်းကြရန်နှင့် ၎င်းတို့ကို သင်တန်းပေးပြီး ၎င်းတို့ထဲမှ ပထမရအောင် စာမေးပွဲဖြေဆိုနိုင်သူများကို ရွေးချယ်ကာ အခွန်တံဆိပ်ခေါင်းရောင်းချသောကိုယ်စားလှယ်အဖြစ် ရွေးချယ်မည်ဟု ကြေးမုံသတင်းစာကြော်ငြာကဏ္ဍတွင် ဖတ်လိုက်ရပါသည်။ မည်သို့ပင်ဆိုစေကာမူ အခွန်တံဆိပ်ဈေးနှုန်းသည် လက်ကားဆိုင်ကြီးများတွင်- (၁၀ဝိ/-)တန်တံဆိပ်ခေါင်း- ကျပ် ၅၅၀၊ (၂၀ဝိ/-)တန်တံဆိပ်ခေါင်း-ပစ္စည်းပြတ်၊ (၂၅ဝိ/-)တန်တံဆိပ်ခေါင်း - ကျပ် ၃၅၀၊ (၃၀ဝိ/-)တန်တံဆိပ်ခေါင်း - ကျပ် ၇၀၀၊ (၄၀ဝိ/-)တန်တံဆိပ်ခေါင်း - ကျပ် ၆၀၀၊ (၅၀ဝိ/-)တန်တံဆိပ်ခေါင်း- ကျပ် ၆၅၀၊ (၆၀ဝိ/-)တန်တံဆိပ်ခေါင်း- ကျပ် ၈၅၀၊ (၁၀၀ဝိ/-)တန်တံဆိပ်ခေါင်း- ကျပ် ၁၀၅၀ ဇူလိုင် ၁၅ ရက်က ပေါက်ဈေးဖြစ်ပါသည်။ ဖုန်းဆက်မှာလျှင် ဝယ်လို့ရနေပါသည်။

ထိုဈေးကွက်သို့ အခွန်တံဆိပ်ခေါင်းများမည်သို့ရောက်လာပါသနည်း။ မှတ်ပုံတင်ကတ်ပြားပြ၍ ဝယ်ယူပြီးပြန်လည်ရောင်းချသူများသည် တစ်စောင်၊ နှစ်စောင်သာရောင်းချ၍ ရပါသည်။ တံဆိပ်ခေါင်း ရာစည်းများကဲ့သို့ အရောင်းအဝယ်ဖြစ်နေပါသည်။ မည်သူ့ထံက မည်ကဲ့သို့ဝင်လာပါသနည်း။ "ရှင်ဘုရင်ဘယ်ကထွက် မင်းကြီးတာကထွက်" ဆိုသကဲ့သို့ဖြစ်ပါသည်။

ယခင်အစိုးရလက်ထက်က တရားသူကြီးများ၊ ရှေ့နေများကို စောင်ရေကန့်သတ်၍ ရောင်းချပေးခဲ့ဖူးပါသည်။ အပြင်တွင် ၂၀၀၀၊ ၃၀၀၀ အထိ ဈေးတက်သွားခဲ့ဖူးပါသည်။

အခွန်တံဆိပ်ခေါင်းသည် သာမန်လက်လုပ်လက်စား အလုပ်သမားလူတန်းစားတို့စိတ်ဝင်စားခြင်းမရှိပေ။ ကုန်သည်ပွဲစားအရောင်းအဝယ်သမားများနှင့် အိမ်ရှင်အိမ်ငှား၊ ကားငှား၊ ဆိုင်ငှားများသာ အသုံးပြုလေ့ရှိ၍ ရောင်းသူ၊ ဝယ်သူ၊ ငှားရမ်းသူ တစ်ဦးနှင့်တစ်ဦးဝန်ခံကတိပြုရာတွင် တရားဝင်ရန် စာချုပ်ချုပ်ဆိုသောအခါသုံးသော ဝန်ခံချက်စာရွက်ဖြစ်ပါသည်။ ထိုစာရွက်ပေါ်တွင် နှစ်ဦးနှစ်ဖက်လက်မှတ်ထိုးခြင်း၊ အသိသက်သေများ ပါဝင်လက်မှတ်ထိုးခြင်းဖြင့် အတည်ပြုချက်ရယူကြရပါသည်။ ထိုစာချုပ်သည် အရပ်စာချုပ်ဖြစ်ပါသည်။ ထိုစာချုပ်ကို စာချုပ်စာတမ်းရုံးတွင် မှတ်ပုံတင်ခြင်းဖြင့် အစိုးရအသိအမှတ်ပြုစာချုပ်အဖြစ် ပြုလုပ်နိုင်ပါသည်။

တန်ဖိုးရှိသော ကား၊ အိမ်၊ မြေ၊ တိုက်တာများ ရောင်းဝယ်ရာတွင် အလွန်အရေးပါသောစာချုပ်တစ်ခုဖြစ်ပါသည်။ အခွန်တံဆိပ်ခေါင်းနှင့် စာချုပ်ချုပ်ဆိုရောင်းဝယ်ငှားရမ်းမှသာလျှင် တရားဝင်ကြောင်း အရောင်းအဝယ်လုပ်သူများ သိကြပါသည်။

ထိုတံဆိပ်ခေါင်းကို အရောင်းအဝယ်ဖြစ်ပြီဆိုလျှင် လိုအပ်ပါပြီ။ ဘယ်မှာသွားဝယ်မလဲထိုမေးခွန်းအတွက် အဖြေကရှင်းပါသည်။ မိတ္တူဆိုင်၊ ကွန်ပျူတာဆိုင်၊ ကွမ်းယာဆိုင်များတွင် ဈေးကြီးပေးဝယ်ကြရပါသည်။ စာရိုက်ပြီးသားအဆင်သင့် ကွက်လပ်ဖြည့်ရုံ၊ လက်မှတ်ထိုးရုံပါပဲ။ အလွတ်သက်သက်ကို ကွန်ပျူတာဖြင့် စိတ်တိုင်းကျရိုက်လို့လည်းရပါသည်။

ဒီမှာတင်အလုပ်ဖြစ်၍ ဒီမှာတင်ပွဲပြတ်ကာ အရောင်းအဝယ်ဖြစ်ပါသည်။ ဘယ်ရောင်းသူ၊ ဝယ်သူမှ တံဆိပ်ခေါင်းရောင်းချရာ အခွန်ရုံးသို့သွားမဝယ်ကြပါ။ အချိန်လည်း မပေးနိုင်ပါ။ တန်းလည်းမစီနိုင်ပါ။ ဒီလိုအခြေအနေရှိသော အခွန်တံဆိပ်ခေါင်းကို အရောင်းအဝယ်လုပ်လျှင် အရေးယူမည်ဆိုပါက ဈေးတက်ရုံသာရှိပြီး တိုးတိုးတိတ်တိတ် အရောင်းအဝယ်ဖြစ်ပြီး မင်းကြီးတာက ပုဂ္ဂိုလ်များလုပ်စားကိုင်စားဖြစ်ကြမှာ အမှန်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် အပြင်မှာ ရိုက်နှိပ်၍ မရသောငွေနှင့် တန်ဖိုးတူသော စာရွက်စာတမ်းဖြစ်နေသောကြောင့် ဖြစ်ပါသည်။

ဖြစ်သင့်သည်မှာ မိတ္တူဆိုင်၊ ကွမ်းယာဆိုင်၊ ကွန်ပျူတာဆိုင်များက ဝယ်လိုသော တံဆိပ်ခေါင်းအရေအတွက်ကို မြို့နယ်အခွန်တံဆိပ်ခေါင်းအရောင်းဌာနက သတ်မှတ်ဈေးနှုန်းနှင့် ရောင်းချပေးရန်လိုပါသည်။ အရေအတွက် ဘယ်လောက်ကို ဘယ်ဈေးနှင့်ရောင်းပါ၊ ဈေးပိုရောင်းပါက အရေးယူခြင်း စသည့် လိုအပ်သလိုဆောင်ရွက်ရန် လိုပါသည်။

တံဆိပ်ခေါင်းအရောင်းဌာနများက နယ်မှဝယ်လိုသော ပုဂ္ဂိုလ်များထံမှ ဖုန်းဖြင့်အမှာစာကိုလက်ခံခြင်းဖြင့် ဈေးနှုန်းသတ်မှတ်၍ ရောင်းချပေးသင့်ပါသည်။ ထိုဌာနများက သတ်မှတ်ဈေးနှုန်းဖြင့်ရောင်းပါက အခွန်တံဆိပ်ခေါင်းရှားပါးသည့်၊ ဈေးတက်သည့်ပြဿနာ ပြေလည်သွားမည်ဖြစ်ပါသည်။

ပြည်သူများကြုံတွေ့မည့်ပြဿနာကို ပြည်သူများပါဝင်ဆောင်ရွက်ခြင်းဖြင့် ဖြေရှင်းခြင်းသည် ဒီမိုကရေစီကျကျ ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ပြည်သူကိုဗဟိုပြု၍ လုပ်ဆောင်ခြင်းသာဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။



## ပြည်တွင်းရေးရာ

☆ **ရွှေဖုံးမှ**

ဆက်လက်၍ ဗိုလ်ချုပ်အောင်ဆန်း၏သားဖြစ်သူ ဦးအောင်ဆန်းဦးကိုယ်စား ဦးလှဖေ၊ သမီးဖြစ်သူ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များက အထိမ်းအမှတ် ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေနှင့် ပန်းခြင်းများချ အလေးပြုကြပြီး လက်အုပ်ချီမိုးရှိခိုးကန်တော့၍ မေတ္တာပို့သ အမျှပေးဝေကြသည်။

ယင်းနောက် (၆၉)နှစ်မြောက် အာဇာနည်နေ့ ကျင်းပရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချအလေးပြုကြသည်။

**စာမျက်နှာ ၉ သို့** ◯



ဗိုလ်ချုပ်အောင်ဆန်း၏ သားဖြစ်သူ ဦးအောင်ဆန်းဦးကိုယ်စား ဦးလှဖေ လွမ်းသူ့ပန်းခွေချစဉ်။ (သတင်းစဉ်)



ဗိုလ်ချုပ်အောင်ဆန်း၏သမီးဖြစ်သူ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လွမ်းသူ့ပန်းခြင်းချစဉ်။ (ဓာတ်ပုံ-ငွေးအောင်)



သခင်မြ မိသားစု လွမ်းသူ့ပန်းခွေချပြီး ဂါရဝပြုစဉ်။ (သတင်းစဉ်)



ဒီးဒုတ်ဦးဘချိုမိသားစု လွမ်းသူ့ပန်းခွေချရန် လာရောက်စဉ်။ (သတင်းစဉ်)



မန်းဘခိုင်၏ မိသားစု လွမ်းသူ့ပန်းခွေချရန် လာရောက်စဉ်။ (သတင်းစဉ်)



မန်းဘခိုင်၏ မိသားစု လွမ်းသူ့ပန်းခွေချစဉ်။ (သတင်းစဉ်)



ဦးဘဝင်းမိသားစု လွမ်းသူ့ပန်းခွေချရန် လာရောက်စဉ်။ (သတင်းစဉ်)



မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်းမိသားစု လွမ်းသူ့ပန်းခွေချပြီး ရှိခိုးကန်တော့စဉ်။ (သတင်းစဉ်)



ဦးရာဇတ်မိသားစု လွမ်းသူ့ပန်းခွေချရန် လာရောက်စဉ်။ (သတင်းစဉ်)



ဦးအုန်းမောင်မိသားစု လွမ်းသူ့ပန်းခွေချရန် လာရောက်စဉ်။ (သတင်းစဉ်)



ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။ (သတင်းစဉ်)



ရဲဘော်ကိုထွေးမိသားစု လွမ်းသူ့ပန်းခွေချစဉ်။ (သတင်းစဉ်)

○ စာမျက်နှာ ၈ မှ

ဆက်လက်၍ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံး၊ မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး၊ မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်း၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်း၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့အပါအဝင် လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများ၊ ဥရောပသမဂ္ဂနှင့် ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် ကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုကြသည်။

ယင်းနောက် ပြည်သူများက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားကို အောက်မေ့သတိရခြင်းအထိမ်းအမှတ်အဖြစ် အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြုကြသည်။

၂၀၁၆ ခုနှစ် (၆၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရာ အာဇာနည်ဗိမာန်ကို နိုင်ငံတော်အစိုးရသစ်က ယခင်နှစ်များနှင့်မတူဘဲ အာဇာနည်ဗိမာန်အပေါ်ထောင့်ရှိ ကြယ်ဖြူကြီးနေရာတွင် မူလကြယ်ပုံသဏ္ဍာန်အပေါက်ဖောက်၍ ကြွေလွင့်သွားသော ကြယ်သည် ပန်းခြံအတွင်းကျရောက်နေသည့် ပုံဖော်မှုနှင့် ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် အာဇာနည်ခေါင်းဆောင်ကြီး ၉ ဦး ဂူဗိမာန်များအပေါ်တွင် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကိုယ်ရေးရာဇဝင်များအား ကြေးပြားပေါ်၌ ကမ္ပည်းရေးထိုးထားမှုအပါအဝင် အကြီးစားပြုပြင်မွမ်းမံမှုကို ဆောင်ရွက်ထားသည်။

ထို့အပြင် ၂၀၁၆ ခုနှစ် (၆၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရာ အာဇာနည်ဗိမာန် ပန်းခြံအဝင်လမ်းနှင့် အများပြည်သူအဝင်လမ်းတို့တွင် ဗိုလ်ချုပ်အောင်ဆန်း၏ အဆိုအမိန့်နှင့်မိန့်ခွန်းများ၊ မြန်မာ့လွတ်လပ်ရေးအတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ Graphic ပုံရိပ်များကိုလည်း အများပြည်သူ လေ့လာကြည့်ရှုနိုင်ရန် ယခုနှစ်တွင် ထူးခြားစွာ ပြင်ဆင်မွမ်းမံထားသည်။

**(သတင်းစဉ်)**

## ပြည်တွင်းရေးရာ

### ❁ ဝါဆိုလပြည့်ဗုဒ္ဓနေ့မှ

ဤကဲ့သို့ အနှစ်သာရပါသောတရားဖြစ်၍ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူများက ဓမ္မစကြာတရားတော်ကို အထူးအာရုံစိုက်၍ ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည်။ မြို့တိုင်း၊ ရွာတိုင်း၌ ဓမ္မစကြာအသင်းများ ဖွဲ့စည်းပြီး တည်တံ့ပြန့်ပွားအောင် ဆောင်ရွက်လျက်ရှိကြသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ကကြီးမှူး၍ ယနေ့ ဝါဆိုလပြည့်နေ့တွင် စေတီတော်ရင်ပြင် သတ်မှတ်နေရာတို့၌ ဝါဆိုလပြည့်ဓမ္မစကြာ အခါတော်နေ့နှင့် ဝါဆိုရွှေကြာသင်္ကန်းကပ်လှူပူဇော်ပွဲကို ဘာသာရေးထုံးတမ်းစဉ်လာနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

နံနက် ၅ နာရီတွင် ဂေါပကအဖွဲ့က ဦးဆောင်ကာ စေတီတော်ရင်ပြင်တောင်ဘက်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ မြတ်ဗုဒ္ဓအားရည်မှန်း၍ စေတီတော်မြတ်အား ဆွမ်းတော်ကြီးဆက်ကပ်လှူဒါန်းပြီး ဓမ္မစကြာအခါတော်နေ့အခမ်းအနားကို ကျင်းပသည်။ နံနက် ၇ နာရီတွင် သက်ဆိုင်ရာစုရပ်မှ ရင်ပြင်တော်တစ်ပတ်လှည့်လည်ပူဇော်ပြီး စေတီတော်ရင်ပြင်တန်ဆောင်းအသီးသီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဝါဆိုရွှေကြာသင်္ကန်းတော်ကပ်လှူဒါန်းပူဇော်ကာ နံနက် ၉ နာရီခွဲတွင် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်တန်ဆောင်း၌ စေတီတော်ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဝါတွင်းသီလခံယူဆောက်တည်ကြပြီး ရောင်တော်ဖွင့်တန်ဆောင်း၌ ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ဝါတွင်းသုံးလ ဥပုသ်နေ့ နံနက်တိုင်း ရွှေတိဂုံစေတီတော်ရင်ပြင်ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ စေတီတော်ဩဝါဒါစရိယဆရာတော်ကြီးများက ဝါတွင်းသီလပေးတရားတော်များ ချီးမြှင့်မည်ဖြစ်ရာ ဥပုသ်သီတင်းသီလဆောက်တည်လိုသူများ၊ ဘုရားဖူးလာပြည်သူများ တက်ရောက်ကြည်ညို သီလခံယူဆောက်တည်နိုင်ကြောင်း သိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ပေါ်၌ တည်ထားကိုးကွယ်လျက်ရှိသော လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး(ကျောက်တော်ကြီးဘုရား) ဂေါပကအဖွဲ့ကကြီးမှူး၍ (၁၅)ကြိမ်မြောက် ဓမ္မစကြာအခါတော်နေ့ ဝါဆိုသင်္ကန်းကပ်လှူပွဲကို ယနေ့နံနက် ၇ နာရီတွင် မင်းဓမ္မကုန်းတော်ရှိ ဂန္ဓကုဋီတိုက်၌ကျင်းပရာ ဘုရားဖူးလာပြည်သူများ တက်ရောက်ကြည်ညိုကုသိုလ်ယူကြသည်။

သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့က ကြီးမှူး၍ ၁၃၇၈ ခုနှစ် ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် စေတီတော်ပရိဝုဏ် အာရုံခံတန်ဆောင်းအပေါ်ထပ်၌ ကျင်းပသည်။ မွန်းလွဲ ၂ နာရီတွင် ဂေါပကအဖွဲ့မှဦးဆောင်ကာ ဝတ်အသင်း ၂၀ သင်းမှ အသင်းသားအသင်းသူများ၊ ဘုရားဖူးလာပြည်သူများက သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ပြီး ဗုဒ္ဓရုပ်ပွားတော်ခုနစ်ဆူ၌ ဝါဆိုသင်္ကန်းတော်များကို ဆက်ကပ်လှူဒါန်းကြသည်။

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ကကြီးမှူး၍ ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့နှင့် (၅၉)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့ ညနေ ၃ နာရီတွင် စေတီတော်ပရိဝုဏ်ရှိ သာသနဇောတိက ဓမ္မာရုံတော်ကြီး၌ကျင်းပရာ စေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများ၊ ပုဇွန်တောင်မြို့နယ်အတွင်းရှိ စာသင်တိုက်ကြီးများမှ ပဓာနနာယကဆရာတော်ကြီးများအပါအဝင် ပင့်သံဃာတော်အပါး ၁၀၀ တို့အား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းကြသည်။

ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရားများတွင် ဝါဆိုလပြည့်နေ့၌ ဗုဒ္ဓဘာသာဝင် သူတော်စင်များက ဝါဆိုပန်းများကပ်လှူခြင်း၊ ဝါဆိုသင်္ကန်းများကပ်လှူခြင်း၊ ဓမ္မစကြာတရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ ဥပုသ်သီတင်းဆောက်တည်ခြင်း၊ ကုသိုလ်ကောင်းမှုပြုကြသူများ၊ တရားဘာဝနာပွားများခြင်းဖြင့် ဝါဆိုလပြည့်ဓမ္မစကြာအခါတော်နေ့ကို ကျင်းပကြသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး မြို့နယ်အသီးသီးရှိ လမ်းများ၊ ရပ်ကွက်ဓမ္မာရုံများ၌ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း၊ ဝတ်အသင်းအဖွဲ့ဝင်များက ဓမ္မစကြာရွတ်ဆိုပူဇော်ခြင်း၊ စတုဒိသာကျွေးမွေးလှူဒါန်းခြင်းတို့ဖြင့် ဓမ္မစကြာအခါတော်နေ့ကို ထူးမြတ်သောကုသိုလ်အဟုန်တို့ဖြင့် လွှမ်းခြုံလျက်ရှိသည်။

**(သတင်းစဉ်)**



**အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်လျက်ရှိသော လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား) ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ နံနက်ပိုင်းတွင် ဘုရားဖူးလာသူများ စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။** (၆၈၄)

## ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့တွင် နေပြည်တော်တစ်ခွင် ကုသိုလ်ပြုသူများဖြင့်စည်ကား

**နေပြည်တော် ဇူလိုင် ၁၉**

ယနေ့မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ် ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့တွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး လိုဏ်တော်အတွင်းရှိ ဗုဒ္ဓပဋိမာရုပ်ပွားဆင်းတုတော်လေးဆူနှင့် စေတီတော်အရှေ့မြောက်ထောင့်ရှိ မဟာဆုတောင်းပြည့်ဘုရားကြီးအား အဌမအကြိမ်မြောက် ဝါဆိုရွှေကြာသင်္ကန်းတော်များ ကပ်လှူပူဇော်ကြသည်။



အဆိုပါ သင်္ကန်းတော်ကပ်လှူပူဇော်ပွဲကို ယနေ့နံနက် ၉ နာရီ ၄၅ မိနစ်တွင် စေတီတော်မြတ်ကြီး၏ လိုဏ်တော်အတွင်း၌ ကျင်းပရာ နေပြည်တော် သံဃမဟာနာယကအဖွဲ့ဝင် ပျဉ်းမနားမြို့ မာန်အောင်ကျောင်းတိုက်ဆရာတော် ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍဝ အမှူးပြုသောဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

ရှေးဦးစွာ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ဖတ်သရဇ္ဈာယ်သည့် ပရိတ်တရားတော်များနှင့် သာဓုအနုမောဒနာတရားတော်များကို နာယူကြပြီး လှူဖွယ်ပစ္စည်းများ လှူဒါန်းကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် အဌမအကြိမ်မြောက် ဝါဆိုရွှေကြာသင်္ကန်းတော်များကို ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး(ငြိမ်း) သူရဦးမြင့်မောင်နှင့် ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးတို့က ကပ်လှူပူဇော်ကြသည်။

ညပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးကို ဆီမီး ၉၀၀၀ ကပ်လှူ၍ ဝတ်ရွတ်အသင်းများက ဓမ္မစကြာတရားတော်များကို ရွတ်ဖတ်ပူဇော်ခဲ့ကြသည်။

ယနေ့သည် ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ဖြစ်သည့်အားလျော်စွာ နေပြည်တော်ရှိ တန်ခိုးကြီးဘုရား၊ စေတီတော်များတွင်လည်း ဓမ္မစကြာအခါတော်နေ့ ဝါဆိုသင်္ကန်း၊ ဝါဆိုပန်း၊ ဆွမ်း၊ ရေချမ်း၊ ဆီမီးပူဇော်သူ၊ ဇီဝိတဒါနဘေးမဲ့လွှတ်သူ၊ တရားဘာဝနာပွားများသူ၊ ဒါနပြုသူ၊ ကုသိုလ်ယူသူ၊ သီလဆောက်တည်သူများဖြင့် စည်ကားလျက်ရှိသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သတ္တသတ္တာဟမဟာဗောဓိစေတီတော်နှင့် (ဖွား၊ ပွင့်၊ ဟော၊ စံ) သံဝေဇနီယလေးဌာန၊ မဟာသကျရံသီရုပ်တော်မူရုပ်ရှင်တော်၊ ဓာတုဇယစေတီတော်၊ ရန်အောင်မြင်ရွှေလက်လှစေတီတော်၊ ကိုးခန်းကြီးဘုရား၊ လောကမာရဇိန်စေတီတော်တို့၌လည်း ဝါဆိုသင်္ကန်း၊ ဝါဆိုပန်းကပ်လှူခြင်း၊ ငှက်များ၊ ငါးများအား ဇီဝိတဒါန ဘေးမဲ့လွှတ်ခြင်းများပြုလုပ်ခဲ့ကြောင်းနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ၊ ဒါနပြုသူများ၊ သီလ ဆောက်တည်သူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## မန္တလေးရှိ စေတီပုထိုးများတွင် ကုသိုလ်ပြုသူများစည်ကား

**မန္တလေး ဇူလိုင် ၁၉**

ဝါဆိုလပြည့်နေ့ နံနက် ၄ နာရီတွင် မန္တလေးမြို့ မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီးအား ရေတော်ဆရာတော် ဘဒ္ဒန္တဥက္ကဋ္ဌ အမှူးပြု၍ မျက်နှာသစ်တော်ဝတ်အဖွဲ့က မျက်နှာသစ်တော်မူပြီး ရွှေသင်္ကန်း၊ ဆွမ်း၊ ရေချမ်းကပ်လှူပူဇော်ကြပြီး ဗုဒ္ဓဘာသာဝင် သူတော်စင် ရဟန်းရှင်လူပြည်သူများကလည်း မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ရွှေသင်္ကန်း၊ ရွှေကြာသင်္ကန်း ကပ်လှူခြင်း၊ ဆွမ်း၊ ရေချမ်း၊ ပန်းကပ်လှူခြင်း၊ ဖယောင်းဆီမီးပူဇော်ခြင်း၊ ခုနစ်နေ့နံဘုရားများတွင် ရေသပ္ပာယ်ခြင်း၊ ငါးများလွှတ်ခြင်း၊ တရားဘာဝနာအားထုတ်ကြသူများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာ ပြည်သူများဖြင့် တိုးမပေါက်အောင် စည်ကားလှသည်။

ထို့အပြင် အရှေ့ပြင်လုံးဆိုင်ရာ မဟာလောကရန်နိုင်အောင်တော်မူမြတ်စွာဘုရား၊ မန္တလေးတောင်၊ ကုသိုလ်တော်ဘုရား၊ အတုမရှိရွှေကျောင်းတော်ကြီး၊ ဆုတောင်းပြည့်၊ ဆုတောင်းရဘုရား၊ ရွှေကျီးမြင်ချမ်းသာကြီး၊ ချမ်းသာရဘုရား၊ စွယ်တော်မြတ်စေတီတော်အပါအဝင် ဘုရား၊ စေတီပုထိုး၊ ကျောင်းကန်၊ ဓမ္မာရုံများတွင် ဝါဆိုလပြည့်ဓမ္မစကြာအခါတော်နေ့ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

ဆရာတော်များက သီလပေးတရားနှင့် နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို ဟောကြားချီးမြှင့်တော်မူခြင်းနှင့် မန္တလေးနန်းမြို့ မြနန်းစံကျော်ရွှေနန်းတော်ယဉ်ကျေးမှုပြတိုက်၌လည်း အနယ်နယ်အရပ်ရပ်မှ လာရောက်ကြည့်ရှုလေ့လာသူများဖြင့် အထူးစည်ကားလှသည်။ ထို့ပြင် မန္တလေးမြို့ အနောက်ခင်မကန်တိုက် မြကုန်းကျောင်း ဂိလာနပါလဆန်ပြုတ်နှင့် ရေသန့်အလှူအသင်းမှ ဦးဆောင်၍ စေတနာရှင် အလှူရှင်မိသားစုတို့က မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး ဆေးကုသဆောင်အသီးသီးတို့၌ ဆေးကုသမှုခံယူလျက်ရှိသော လူနာများနှင့် လူနာစောင့်များကို ညနေစာထမင်းဟင်းများ၊ ဆန်ပြုတ်များ စသည့်စားသောက်ဖွယ်ရာများနှင့် ရေသန့်များကို ယနေ့ညနေပိုင်းတွင် အာဟာရကုသိုလ်ပြုလှူဒါန်းခဲ့ကြကြောင်းသိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



မန္တလေးမြို့ ကျောက်စိမ်းစေတီတွင် ဘုရားဖူးလာသူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။ (ညီညီထွန်း)

### ❂ ဗိုလ်ချုပ်အောင်ဆန်းဒိုင်းမှ

အသင်း၊ ဒုတိယအဆင့်တွင် ဧရာဝတီအသင်းကို အနိုင်ယူလာခြင်းဖြစ်သည်။ ဧရာဝတီအသင်းသည် ရှုံးထွက်ပြိုင်ပွဲ၏ သုံးကြိမ်ဆက်ချန်ပီယံအသင်းဖြစ်ပြီး ရခိုင်အသင်းက အနိုင်ယူခဲ့ခြင်းဖြစ်သည်။ ဇွဲကပင်အသင်းသည် ဒုတိယအဆင့်တွင် Southern အသင်းကို ကျော်ဖြတ်လာခြင်းဖြစ်ပြီး ခြေစွမ်းမကွာသည့်နှစ်သင်းဖြစ်သောကြောင့် ပွဲကောင်းတစ်ပွဲဖြစ်လာနိုင်သည်။ ဇူလိုင် ၂၀ ရက်တွင်ကစားမည့် အသင်းလေးသင်းသည် ယခုရာသီ၏ နောက်ဆုံးဖလားမျှော်လင့်ချက်အတွက် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဘယ်အသင်း ဆီမီးဖိုင်နယ်တက်ရောက်နိုင်မလဲဆိုတာ. . .။

**(ရှိုင်းထက်ဇော်)**

## စဉ်ဆက်မပြတ် ဆေးပညာဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၁၉**

မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်တိုင်းဒေသကြီး)က ကြီးမှူး၍ စဉ်ဆက်မပြတ် ဆေးပညာဟောပြောပွဲကို ဇူလိုင် ၂၀ ရက် မွန်းလွဲ ၁၂ နာရီခွဲမှ ညနေ ၃ နာရီထိ ရန်ကုန်မြို့ အလုံမြို့နယ်ရှိ အလုံမြို့နယ်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါဟောပြောပွဲတွင် ပါမောက္ခ ဦးရဲမြက Management Approach to Anaemic Patient၊ ပါမောက္ခ ဦးစောဝင်းက National Immunization Schedule၊ ပါမောက္ခ ဒေါ်မာမာကြည်က Management of Proong Fever၊ ဒေါက်တာဦးဝင်းဇော်က Common Skin Problems ခေါင်းစဉ်တို့ဖြင့် ဟောပြောမည်ဖြစ်ကြောင်းနှင့် ဆရာဝန်များအားလုံးတက်ရောက်နိုင်ကြောင်း သိရသည်။

**(မောင်မောင်)**



တာချီလိတ်မြို့ ရှမ်းရိုးကွင်း၌ (၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား ကျင်းပစဉ်။ (၁၁၁)



တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့ အမှတ်(၁)ရပ်ကွက် ဆိပ်ကမ်းရှိ အာဇာနည်ကျောက်တိုင်၌ (၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား ကျင်းပစဉ်။ ရန်နိုင်(ပြန်/ဆက်)



(၆၉)နှစ်မြောက် အာဇာနည်နေ့တွင်ဗိုလ်တထောင်မြို့နယ်ရှိ ဝန်ကြီးများရုံး(ယခင်အတွင်းဝန်များရုံးဟောင်း)ကို အများပြည်သူများ လေ့လာနိုင်ရန် ဖွင့်လှစ်ပြသလျက်ရှိရာ သိမ်ဖြူလမ်းဝင်ပေါက်ရှေ့တွင် လာရောက် လေ့လာကြသည့် ပြည်သူများ စောင့်ဆိုင်းလျက်ရှိသည်ကို တွေ့ရစဉ်။

ဌေးအောင်(ကြေးမုံ)

# အမြို့မြို့အနယ်နယ်တွင် (၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားများကျင်းပ

**ကျောက်ကြီး**

(၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ယနေ့ နံနက် ၇ နာရီက ကျောက်ကြီးမြို့ လွတ်လပ်ရေးကျောက်တိုင် မျက်နှာစာ၌ ကျင်းပရာ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ NGO အဖွဲ့အစည်းများနှင့် ကျောင်းသား ကျောင်းသူ ဘင်ခရာအဖွဲ့ဝင်များနှင့် ပြည်သူများတက်ရောက်ကြပြီး ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အောက်မေ့ သတိရသောအားဖြင့် အလေးပြုခြင်း၊ ဝမ်းနည်းခြင်းအထိမ်းအမှတ် နှစ်မိနစ် ခေတ္တငြိမ်သက်ခြင်းတို့ပြုလုပ်ခဲ့ကြသည်။ **(ပြန်/ဆက်)**

---

**ကျုံပျော်**

(၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ယနေ့ နံနက် ၇နာရီခွဲက ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့ရှိ အာဇာနည်ကျောက်တိုင်၌ ကျင်းပရာ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ပါတီအသီးသီးမှ ပါတီဝင်များ၊ NGO အဖွဲ့အစည်းများနှင့် ပြည်သူများတက်ရောက်ကြပြီး နိုင်ငံတော်အလံကို တိုင်ဝက်လွှင့်ထူကာ ဝမ်းနည်းခြင်းအထိမ်းအမှတ် နှစ်မိနစ်ငြိမ်သက်အလေးပြုခြင်းနှင့် လွမ်းသူ့ပန်းခွေများချ ဂါရဝပြုခဲ့ကြသည်။ ကျဆုံးလေပြီးသော အာဇာနည် ခေါင်းဆောင်ကြီးများအား အောက်မေ့ သတိရသောအားဖြင့် လွမ်းသူ့ ပန်းခွေချ ဂါရဝပြုကြသည်။ **နေဝင်းမြင့်(ပြန်/ဆက်)**

---

**ရမည်းသင်း**

(၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ယနေ့ နံနက် ၆ နာရီက မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ပါတီအသီးသီးမှ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ NGO အဖွဲ့အစည်းများနှင့် ပြည်သူများတက်ရောက်ကြပြီး ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အောက်မေ့သတိရသောအားဖြင့် အလေးပြုခြင်း၊ ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်များဖြင့် ဥသြဆွဲကာ အလေးပြုခြင်းများ ပြုလုပ်ခဲ့သည်။ **ရမည်းသင်း(ပြန်/ဆက်)**

---

**မန္တလေး**

(၆၉)နှစ်မြောက်အာဇာနည်နေ့တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို မန္တလေးခရိုင်အတွင်း မြို့နယ်၊ ရပ်ကွက်၊ အစိုးရဌာနရုံးများ၊ လူနေအိမ်များတွင် တိုင်ဝက်လွှင့်ထူထားကြပြီး အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးသည့် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ဗဟိုနှင့် မြို့နယ်စခန်းများ၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ယာဉ်များ၊ မြန်မာ့မီးရထား၊ ရေယာဉ်များမှ ဥသြဆွဲအချက်ပေးသည်။

ယင်းအချိန်တွင် သွားလာနေသော မော်တော်ယာဉ်များက လမ်းဘေးတွင် ခေတ္တရပ်ပြီးအလေးပြုခြင်း၊ ဟွန်းတီးခြင်းများကို မန္တလေးမြို့ လမ်းမကြီးများ၊ ကျုံးပတ်လည်တို့တွင် ပြုလုပ်ခဲ့ကြသည်။ **သီဟကိုကို(မန္တလေး)**

---

**မြစ်သား**

(၆၉) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ယနေ့ နံနက် ၉နာရီက မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် လွတ်လပ်ရေးကျောက်တိုင်၌ ကျင်းပရာ လွှတ်တော်ကိုယ်စားလှယ်များ၊ ပါတီအသီးသီးမှ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ NGO အဖွဲ့အစည်းများနှင့် ပြည်သူများတက်ရောက်ကြပြီး ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အောက်မေ့ သတိရသောအားဖြင့် အလေးပြုခြင်း၊ ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်များဖြင့် ဥသြဆွဲကာ သုံးမိနစ်ငြိမ်သက်စွာ အလေးပြုခြင်းများ ပြုလုပ်ခဲ့သည်။ **ရဲဝင်းထွန်း(မြစ်သား)**

---

**အိမ်မဲ**

(၆၉) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ယနေ့ နံနက် ၅ နာရီက အိမ်မဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေပြည်တန်ခန်းမ၌ ကျင်းပရာ လွှတ်တော်ကိုယ်စားလှယ်များ၊ ပါတီအသီးသီးမှ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ NGO အဖွဲ့အစည်းများနှင့် ပြည်သူများတက်ရောက်ကြပြီး ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အောက်မေ့ သတိရသောအားဖြင့် အလေးပြုခြင်း၊ လွမ်းသူ့ပန်းခွေချ ဂါရဝပြုလုပ်ခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

---

**ကျွန်းလှ**

(၆၉) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ယနေ့ နံနက် ၇နာရီက ကျွန်းလှမြို့နယ် ရွှေကျွန်းမြေဘောလုံးကွင်း၌ ကျင်းပရာ လွှတ်တော်ကိုယ်စားလှယ်များ၊ ပါတီအသီးသီးမှ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ NGO အဖွဲ့အစည်းများနှင့် ပြည်သူများတက်ရောက်ကြပြီး ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အောက်မေ့သတိရသောအားဖြင့် အလေးပြုခြင်း၊ လွမ်းသူ့ပန်းခွေချ ဂါရဝပြုလုပ်ခဲ့သည်။ **မျိုးဝင်းညို(ကျွန်းလှ)**




# ရီပတ်ဘလီကန်ပါတီညီလာခံတွင် ပါတီမူဝါဒများချမှတ်

**ကလိဗ်လန် ဇူလိုင် ၁၉**
အမေရိကန်နိုင်ငံမှ ရီပတ်ဘလီကန်ပါတီက ၎င်းတို့၏ ပါတီညီလာခံကို အိုဟိုင်းယိုးပြည်နယ် ကလိဗ်လန်မြို့တွင် စတင်ကျင်းပလျက်ရှိပြီး ပါတီမူဝါဒလမ်းစဉ်များကို ချမှတ်ခဲ့သည်။ ယင်းပါတီညီလာခံတွင် ဒေါ်နယ်လ်ထရန့်ကို ပါတီကိုယ်စားပြုသမ္မတလောင်းအဖြစ် တရားဝင်အသိအမှတ်ပြုသွားမည်ဖြစ်သည်။

တနင်္လာနေ့က ချမှတ်ခဲ့သည့် ပါတီမူဝါဒလမ်းစဉ်တွင် ဒေါ်နယ်လ်ထရန့် အပြင်းပွားဖွယ်ကတိပြုခဲ့သည့် ပစိဖိတ်ဖြတ်ကျော်မိတ်ဖက်နိုင်ငံများ (TPP) လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူညီမှုမှ အမေရိကန်နိုင်ငံနုတ်ထွက်ရေးကို ဖော်ပြထားခြင်း မရှိသော်လည်း ယင်းအချက်မှာ ထရန့် ကတိပြုပြောကြားခဲ့သည့် အမေရိကန်ပထမမူဝါဒကို ထင်ဟပ်လျက်ရှိသည်။

ပါတီမူဝါဒတွင် အကြမ်းဖက်မှုကင်းစင်ရေးအတွက် နေရာဒေသအသီးသီးမှ လာရောက်သူများကို စေ့စေ့စပ်စပ်စစ်ဆေးရမည်ဟု ဖော်ပြထားသော်လည်း ထရန့်အဆိုပြုခဲ့သည့် အစ္စလာမ်ဘာသာဝင်များ အမေရိကန်နိုင်ငံအတွင်း ဝင်ရောက်လာမှုကို ပိတ်ပင်တားမြစ်ရမည်ဟု တိုက်ရိုက်ရည်ညွှန်းခြင်းမဟုတ်ပေ။ ထရန့်၏အဆိုကို ရီပတ်ဘလီကန်ပါတီဝင် အမာခံများက သဘောမတူ ကန့်ကွက်ကြသည်။

နောက်ထပ် ပါတီမူဝါဒတွင် အမေရိကန်နိုင်ငံတွင်းသို့ တရားမဝင် ဝင်ရောက်လာသူများကို ပိတ်ပင်တားမြစ်ရေးအတွက် အမေရိကန်နိုင်ငံ တောင်ပိုင်းနယ်စပ်တွင် နယ်စပ်ခြံစည်းရိုးတစ်ခု တည်ဆောက်ရန် အဆိုပြုဖော်ပြထားသည်။

အဆိုပါ ပါတီညီလာခံသည် ပါတီတွင်း အယူအဆကွဲပြားမှုများကို ထင်ထင်ရှားရှား ဖော်ပြနေခြင်းဖြစ်ပြီး ပါတီထိပ်ပိုင်းခေါင်းဆောင်အချို့က ညီလာခံတက်ရောက်ရန် ငြင်းဆိုခဲ့ကြသကဲ့သို့ ကိုယ်စားလှယ်အချို့က ထရန့်ကို သမ္မတလောင်း အမည်စာရင်းတင်သွင်းမှုအတွက် ကန့်ကွက်ခဲ့ကြသည်။

**အင်န်အိတ်ချ်ကေ။**

# အလိုရှိဆုံးအကြမ်းဖက်သမား ပစ်ခတ်မှုအတွင်း သေဆုံးခဲ့သည်ဟု အင်ဒိုနီးရှားရဲတပ်ဖွဲ့ ယုံကြည်

**ဂျကာတာ ဇူလိုင် ၁၉**
ဆူလာဝေစီကျွန်းအလယ်ပိုင်းရှိ တောင်ထူထပ်သော တောကြီးမျက်မည်းအတွင်း ပုန်းအောင်းလျက်ရှိသည့် တိုင်းပြည်၏အလိုရှိဆုံး အကြမ်းဖက်သမား ဆန်တိုဆိုမှာ ယမန်နေ့ညနေပိုင်းကဖြစ်ပွားခဲ့သည့် အပြန်အလှန်ပစ်ခတ်မှုတစ်ခုအတွင်း သုတ်သင်ခံခဲ့ရသည်ဟု အင်ဒိုနီးရှားရဲတပ်ဖွဲ့အကြီးအကဲက ယနေ့ ပြောကြားသည်။

ဆန်တိုဆို၏အလောင်းဆိုသည်မှာ ၈၀ မှ ၉၀ ရာခိုင်နှုန်းထိသေချာကြောင်း၊ ခရစ်ယာန်ဘာသာဝင် ကျောင်းသားသုံးဦးကို ခေါင်းဖြတ်သတ်ဖြတ်မှုကြောင့် ၂၀၀၇ ခုနှစ်တွင် ထောင်ဒဏ်ချမှတ်ခြင်းခံခဲ့ရသော်လည်း ငါးနှစ်အကြာတွင် ထောင်မှထွက်ပြေးလွတ်မြောက်သွားခဲ့သည့် ဆန်တိုဆို၏လက်ထောက် ဘာစရီဟုယုံကြည်ရသူ အခြားအမျိုးသားတစ်ဦးကိုလည်း ရဲတပ်ဖွဲ့ဝင်များက သုတ်သင်ခဲ့ကြောင်း ဗိုလ်ချုပ်ကြီး တီတိုကာနာဗီရန်က ဂျကာတာမြို့တော်၌ သတင်းထောက်များသို့ ပြောကြားသည်။တီတို၏အဆိုအရ အလောင်းများကို ဆူလာဝေစီအလယ်ပိုင်းရှိ ရဲဆေးရုံ၌ မှုခင်းဆေးပညာဆိုင်ရာစမ်းသပ်စစ်ဆေးမှုများပြုလုပ်လျက်ရှိပြီး အိုင်အက်စ်အဖွဲ့ထံ သစ္စာခံထားသည့် သူ့အားဖမ်းဆီးရန် အင်ဒိုနီးရှားစစ်ဘက်နှင့်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ၃၀၀၀ ကျော် ဖြန့်ကြက်ထားကြောင်း သိရသည်။

၂၀၁၄ ခုနှစ် အောက်တိုဘာလတွင် အာဏာစတင်ရရှိခဲ့သည့် အင်ဒိုနီးရှားသမ္မတဂျိုကိုဝီဒိုဒိုက ဆန်တိုဆို၏လက်နက်ကိုင်ဂိုဏ်းက အင်ဒိုနီးရှားနိုင်ငံရှိ အခြားဒေသများမှ စစ်သွေးကြွများစွာကို ဆွဲဆောင်ထားနိုင်ခဲ့သည့်အတွက် ၎င်းအား ဖမ်းဆီးမိရေးကို ထိပ်တန်းဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် သန္နိဋ္ဌာန်ချမှတ်ခဲ့သည်။ ယခုဖြစ်ရပ်မှာ ဖမ်းဆီးရ ခက်သော အကြမ်းဖက်သမားအား ရဲတပ်ဖွဲ့က ဖြိုခွင်းခဲ့သည်ဟု ယူဆရသည့် ဒုတိယအကြိမ်မြောက်ဖြစ်သည်။ လွန်ခဲ့သော ငါးနှစ်က ထောင်ဖောက်ထွက်ပြေးသွားခဲ့သည့် ဆန်တိုဆိုမှာ ဇန်နဝါရီလအတွင်း ဖြစ်ပွားခဲ့သည့် ပစ်ခတ်မှုတစ်ခုအတွင်း သုတ်သင်ခံခဲ့ရသည်ဟု ရဲတပ်ဖွဲ့က ယခင်က ယူဆခဲ့ကြသည်။



**ဆင်ဟွာ။**




# အိုလံပစ်အားကစားပွဲတော်လုံခြုံရေး ရီယိုဒီဂျနေးရိုးမြို့၌ စစ်ရေးလေ့ကျင့်

**ရီယိုဒီဂျနေးရိုး ဇူလိုင် ၁၉**
ဘရာဇီးနိုင်ငံ၌ လာမည့်လတွင် ကျင်းပမည့် အိုလံပစ်အားကစားပွဲတော်အတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် လုံခြုံရေးတပ်ဖွဲ့များက ရီယိုဒီဂျနေးရိုးမြို့၌ သဏ္ဌာန်တူသရုပ်ဆောင်စစ်ရေးလေ့ကျင့်မှုကို နှစ်ကြိမ်တိုင် အောင်မြင်စွာပြုလုပ်ခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇူလိုင် ၁၉ ရက်တွင် သတင်းထုတ်ပြန်သည်။

၂၀၁၆ ခုနှစ် အိုလံပစ်အားကစားပွဲတော် လုံခြုံရေးအတွက် စစ်ရေးလေ့ကျင့်မှုကို ဇူလိုင် ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် နှစ်ကြိမ်တိုင် ပြုလုပ်ခဲ့သည်။ အိုလံပစ်အားကစားပွဲတော်ကျင်းပမည့်နေရာများအနက် ဒုတိယအကြီးဆုံးနေရာဖြစ်သော ဒီအိုဒိုရိုနယ်မြေအတွင်း စစ်ရေးလေ့ကျင့်ခဲ့ကြသည်။

အားကစားပွဲတော်ကာလ အကြမ်းဖက်တိုက်ခိုက်ခံရခြင်းမှ ရှောင်ရှားနိုင်ရန် စစ်ရေးလေ့ကျင့်သည့်အသွင်ဖြင့် စစ်ရေးလေ့ကျင့်ကြကြောင်း၊ အဖွဲ့အစည်းပေါင်း ၂၀ မှ လုံခြုံရေးတပ်ဖွဲ့ဝင် ၁၀၀၀ ခန့်ပါဝင်ကြောင်း၊ ရီယိုမြို့ရှိ အထူးစစ်ဆင်ရေးလုပ်ငန်းများကို ရဲတပ်ဖွဲ့၊ ကြည်းတပ်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်ကာ စုပေါင်းလေ့ကျင့်ကြကြောင်း လုံခြုံရေးဆိုင်ရာညှိနှိုင်းရေးမှူး ခရစ္စတီယာနိုဆမ်ပီယိုပြောကြားသည်။

ရထားတစ်စင်း၏ တွဲတစ်တွဲအပေါ်ဗုံးထောင်ထားသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ယင်းရထားတွဲပေါ်သို့ တက်ရောက်ကာစက်ရုပ်ကို အသုံးပြု၍ ဗုံးရှင်းလင်းပုံ၊ မာရာကာနာအားကစားပြိုင်ပွဲရုံသို့ အားကစားသမားများနှင့် တာဝန်ရှိသူများကို မော်တော်ယာဉ်များဖြင့် ပို့ဆောင်ရာတွင် လုံခြုံရေးတာဝန်ယူပုံစသည်ဖြင့် သဏ္ဌာန်တူသရုပ်ဆောင်လေ့ကျင့်ခန်းများအတွက် စစ်ရေးလေ့ကျင့်ခဲ့ကြကြောင်း ၎င်းက ပြောကြားသည်။

**ဆင်ဟွာ။**

# တာတိုပစ်ပဲ့ထိန်းဒုံးကျည်သုံးစင်း မြောက်ကိုရီးယား စမ်းသပ်ပစ်ခတ်

**ဆိုးလ် ဇူလိုင် ၁၉**
တောင်ကိုရီးယားနိုင်ငံ၌ ဒုံးခွင်းဒုံးစနစ်သစ်တစ်ရပ် ဖြန့်ကြက်ချထားရန် ယင်းနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့ မကြာမီက သဘောတူညီမှုရရှိခဲ့ခြင်းအား ဆန့်ကျင်သည့်အနေဖြင့်လည်းကောင်း၊ စစ်အင်အားပြသသည့် အနေဖြင့်လည်းကောင်း မြောက်ကိုရီးယားနိုင်ငံက ဇူလိုင် ၁၉ ရက်တွင် တာတိုပစ်ပဲ့ထိန်းဒုံးကျည် သုံးစင်းကို စမ်းသပ်ပစ်ခတ်ခဲ့ကြောင်း ယနေ့ဆင်ဟွာ သတင်းတွင် ဖော်ပြသည်။

မြောက်ကိုရီးယားနိုင်ငံ ဟွမ်ဟေးပြည်နယ် ဟွမ်ဂျူဒေသအနောက်ပိုင်းမှ ဒေသစံတော်ချိန် နံနက် ၅ နာရီ ၄၅ မိနစ်နှင့် ၆ နာရီ ၅ မိနစ်တို့တွင် ဒုံးကျည်သုံးစင်းကို စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း၊ ယင်းပဲ့ထိန်းဒုံးကျည်များမှာ စကတ်အမျိုးအစားဒုံးကျည်များဖြစ်မည်ဟု ယူဆရကြောင်း တောင်ကိုရီးယားပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့ (ဂျေစီအက်စ်)၏ပြောကြားချက်ကို ကိုးကားလျက် နိုင်ငံပိုင်ယွန်ဟပ်သတင်းဌာနက ဖော်ပြသည်။

အဆိုပါဒုံးကျည်များကို အရှေ့ပင်လယ်ဆီသို့ ဦးတည်ကာ ပစ်လွှတ်ခဲ့ပြီး ကီလိုမီတာ ၅၀၀ မှ ၆၀၀ အကွာအဝေးအထိ ရောက်ရှိခဲ့ကြောင်း၊ ယင်းအကွာအဝေးမှာ တောင်ကိုရီးယားနိုင်ငံ ပိုင်နက်နယ်မြေအတွင်းသို့ ဒုံးကျည်များရောက်ရှိနိုင်သည့် ခရီးတာနှင့်တူညီကြောင်း သတင်းတွင် ဖော်ပြသည်။

မြောက်ကိုရီးယားက စကတ်အမျိုးအစား ဒုံးကျည်စမ်းသပ်ပစ်ခတ်ခဲ့ပြီးချိန်နောက်ပိုင်း လေးလအကြာတွင် ပထမဆုံးအကြိမ်ပဲ့ထိန်းဒုံးကျည် စမ်းသပ်ခြင်းဖြစ်သည်။

လာမည့်နှစ်ကုန်ပိုင်း၌ တောင်ကိုရီးယားနိုင်ငံ မြို့တော်ဆိုးလ်၏ အရှေ့တောင်ဘက် ကီလိုမီတာ ၂၅၀ အကွာရှိ ဆောင်ဂျူးစီရင်စုတွင် အမေရိကန်၏အဆင့်မြင့်နည်းပညာသုံး(တီအိတ်ချ်အေအေဒီ) ဒုံးခွင်းဒုံးစနစ်တစ်ရပ် ဖြန့်ကြက်ရန် အမေရိကန်နှင့်တောင်ကိုရီးယားနှစ်နိုင်ငံ သဘောတူညီမှုရရှိပြီး ခြောက်ရက်အကြာတွင် မြောက်ကိုရီးယားက တာတိုပစ်ပဲ့ထိန်းဒုံးကျည်များကို စမ်းသပ်ပစ်ခတ်ခြင်းဖြစ်သည်။

**ဆင်ဟွာ။**

# သမ္မတဟောင်း မူရှာရက်၏ ဓနဥစ္စာများကိုသိမ်းယူရန် အထူးတရားရုံးဆုံးဖြတ်

**အစ္စလာမ္မာဘတ် ဇူလိုင် ၁၉**
ပါကစ္စတန်သမ္မတဟောင်းနှင့် ကြည်းတပ်ဦးစီးချုပ်ဟောင်း ပါဗက်ဇ်မူရှာရက်ပိုင်ဆိုင်သော ဓနဥစ္စာများကို သိမ်းယူရန် အထူးတရားရုံးတစ်ရုံးက ညွှန်ကြားလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇူလိုင် ၁၉ ရက်တွင် သတင်းထုတ်ပြန်သည်။

မူရှာရက်သည် နိုင်ငံတော်သစ္စာဖောက်မှု၊ ၁၉၉၉ ခုနှစ်က စစ်အာဏာသိမ်းမှုဖြင့် နိုင်ငံတော်အာဏာကို ရယူခဲ့ခြင်းနှင့်သက်ဆိုင်နေသောစွဲချက်များ၊ ဝန်ကြီးချုပ်ဟောင်း ဘနာဇီယာဘူတိုအား ၂၀၀၇ ခုနှစ် လုပ်ကြံသတ်ဖြတ်မှုတွင် ပါဝင်ပတ်သက်မှု စသည့်စွဲချက်များဖြင့် အမှုရင်ဆိုင်နေရသည်။

မြို့တော်အစ္စလာမ္မာဘတ်၌ ပြုလုပ်သောတရားရုံးကြားနာစစ်ဆေးမှုသို့ မူရှာရက်လာရောက်ရန် ပျက်ကွက်ခဲ့ပြီး ၎င်း၏ဥစ္စာဓနများကို နိုင်ငံတော်က သိမ်းယူရန် အထူးတရားရုံးက အမိန့်ချမှတ်ခဲ့သည်။

**ရိုက်တာ။**

# ရုရှားနိုင်ငံ အိုလံပစ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခွင့် ပိတ်ပင်ခံရဖွယ်ရှိ







ရုရှားနိုင်ငံအား အိုလံပစ်ပြိုင်ပွဲနှင့် မသန်စွမ်းအိုလံပစ်ပြိုင်ပွဲ နှစ်ရပ်စလုံး ယှဉ်ပြိုင်မှုကို တားမြစ်သင့်သည်ဟု လေးနှစ်တာဆေးစစ်မှု အတည်ပြုချက်များ ထွက်ပေါ်လာပြီးနောက် ကမ္ဘာ့တားမြစ်ဆေး စစ်ဆေးရေးအေဂျင်စီ( ဝါဒါ) က ထုတ်ပြန်ကြေညာခဲ့သည်။ ၂၀၁၆ အိုလံပစ်ပြိုင်ပွဲကို ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေဒိုးမြို့တွင် ဩဂုတ် ၅ ရက်မှ ၂၁ ရက်အထိ ကျင်းပသွားမည် ဖြစ်သည်။

၂၀၁၁ ခုနှစ်နှောင်းပိုင်းမှ ၂၀၁၅ ခုနှစ် ဩဂုတ်လအတွင်း နွေရာသီနှင့် ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲဝင် ရုရှားကစားသမားအများစု၏ ဆီးနမူနာကို စစ်ဆေးခဲ့ရာ တားမြစ်ဆေးသုံးစွဲထားသည်ကို တွေ့ရှိရကြောင်း ဝါဒါကော်မရှင်၏ အစီရင်ခံစာတွင် ဖော်ပြခဲ့သည်။ ထို့ကြောင့် အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ (အိုင်အိုစီ)သည် ရုရှားနိုင်ငံအား လာမည့် ၂၀၁၆ ရီယို အိုလံပစ်ပြိုင်ပွဲ ယှဉ်ပြိုင်ခွင့်ပေးမည်၊ မပေးမည်ဆိုသည်ကို ဇူလိုင် ၁၉ ရက်တွင် ဆုံးဖြတ်သွားမည်ဖြစ်သည်။

အိုင်အိုစီဥက္ကဋ္ဌ သောမတ်စ်ဘာ့ခ်က "ယာယီပိတ်ပင်မှု"ပြုလုပ်ရေး ကိစ္စကို တယ်လီဖုန်းကွန်ဖရင့်ဖြင့်ပင် ဆုံးဖြတ်သွားရန်ရှိကြောင်း သိရသည်။ ၎င်းက ရုရှားနိုင်ငံအား အိုလံပစ်ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မှု ပိတ်ပင်မည်ဆိုပါက ယင်းမှာ "အခက်ခဲဆုံးတားမြစ်မှု" တစ်ရပ်ပင်ဖြစ်လာမည်ဟု ရှုမြင်ပြီး အိုလံပစ်ပြိုင်ပွဲ၏ ဂုဏ်သိက္ခာနှင့် မကြုံစဖူး ထူးခြားသည့် တိုက်ခိုက်မှုတို့ ထိပ်တိုက်တွေ့သည့် ဖြစ်စဉ်ပင်ဖြစ်ကြောင်း ဆိုခဲ့သည်။

၂၀၁၂ လန်ဒန်အိုလံပစ်နှင့် ၂၀၁၄ ဆိုချီဆောင်းရာသီ အိုလံပစ်ပြိုင်ပွဲ အားကစားနည်း ၃၀ တွင် ဝင်ရောက်ယှဉ်ပြိုင်သည့် ရုရှားကစားသမား ၅၈၀ မှာ တားမြစ်ဆေးသုံးစွဲထားသည်ဟု ဒေါက်တာ မက်လာရင်၏ အစီရင်ခံစာတွင် ဖော်ပြခဲ့ပြီးနောက် နောက်ဆက်တွဲ အကျိုးဆက်အဖြစ် အိုလံပစ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခွင့် ပိတ်ပင်ခံရရန် အလားအလာများနေခြင်း ဖြစ်သည်။ အိုင်အိုစီအနေဖြင့် ရုရှားမှ အိုလံပစ်ပြိုင်ပွဲဝင်မည့် ကစားသမား အရေအတွက်ကို ပြန်လည်စိစစ်လျှော့ချပေးသင့်သည်ဟု ဝါဒါတာဝန်ရှိသူများက အစောပိုင်းကပင် သတိပေးပြောကြားထားပြီးဖြစ်သည်။

ရုရှားနိုင်ငံသည် ၂၀၁၈ ကမ္ဘာ့ဖလား အိမ်ရှင်အဖြစ် ကျင်းပခွင့်ရရှိထားသည့် အိမ်ရှင်နိုင်ငံလည်းဖြစ်ရာ ၂၀၁၆ အိုလံပစ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခွင့် ပိတ်ပင်ခံရမည်ဆိုပါက ရုရှားနိုင်ငံ၏ ပုံရိပ်ကို ပို၍ထိခိုက်မှုရှိစေလိမ့်မည်ဖြစ်ကြောင်း အားကစားမီဒီယာများက ရေးသားဖော်ပြကြသည်။ ရုရှားတင်းနစ်မယ် မာရီယာရှာရာပိုဗာ တားမြစ်ဆေးသုံးစွဲခဲ့သည့် ဖြစ်ရပ်ပေါ်ပေါက်လာအပြီး ရုရှားကစားသမားအတော်များများ တားမြစ်ဆေးသုံးစွဲနိုင်သည်ဟု မျှော်လင့်ထားပြီးဖြစ်သော်လည်း ဒေါက်တာမက်လာရင်၏ အစီရင်ခံစာသည် ရုရှားဘက်မှ မျှော်လင့်ထားသည်ထက်ပင် ဆိုးရွားနေရာ ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ကျွမ်းဝင်သော အိုင်အိုစီဥက္ကဋ္ဌ သောမတ်စ်ဘာ့ခ်အတွက်လည်း ကြီးမားသည့် စိန်ခေါ်မှုတစ်ရပ်လည်း ဖြစ်လာခဲ့သည်။

မေ လဲ့ သင်း - စု စည်း ရေး သား သည်

## ကွာဒရာဒိုဆက်ရှိဖို့ မျှော်လင့်ထားတဲ့ ကွန်တီ

ချယ်လ်ဆီးနည်းပြ ကွန်တီက ကွာဒရာဒိုအား ကလပ်အသင်းနှင့် ဆက်လက်ပူးပေါင်းရန် လိုလားကြောင်း ဘီဘီစီသတင်းဌာနသို့ ပြောကြားလိုက်သည်။ ကွာဒရာဒိုမှာ ၂၀၁၄ ကမ္ဘာ့ဖလားနှင့် ဖီအိုရင်တီးနားအသင်းတို့တွင် ခြေစွမ်းပြသနိုင်ခဲ့သဖြင့် ချယ်လ်ဆီးအသင်းက ပြောင်းရွှေ့ကြေး ပေါင် ၂၃ ဒသမ ၃ သန်းဖြင့် ခေါ်ယူခဲ့ရာ ပွဲစဉ် ၁၃ ပွဲတွင် သွင်းဂိုး တစ်ဂိုးမျှမသွင်းယူနိုင်ဘဲ ခြေစွမ်းပျောက်ဆုံးခဲ့သည်။ ယင်းနောက် ကွာဒရာဒိုမှာ ဂျူဗင်တပ်သို့အငှားဖြင့် သွားရောက်ကစားခဲ့ပြီး စုစုပေါင်း ပွဲစဉ်၂၈ပွဲ ဝင်ရောက်ကစားခဲ့ရာ သွင်းဂိုး လေးဂိုးသွင်းယူနိုင်ခဲ့ပြီး အသင်းအား စီးရီးအေနှင့် ကိုပါအီတလီယာဖလား ရရှိရန် ကူညီပေးနိုင်ခဲ့သည်။ ကွန်တီမှာ ချယ်လ်ဆီးနည်းပြ ဖြစ်လာပြီးနောက် ကွာဒရာဒိုအား ဂျူဗင်တပ်မှ ပြန်လည်ခေါ်ယူရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

"ကျွန်တော် ဂျူဗင်တပ်နည်းပြအဖြစ် ရှိနေစဉ်ကတည်းက ကွာဒရာဒိုကို ခေါ်ယူချင်ခဲ့တာပါ။ သူမကြာခင်ပြန်လာပြီး ချယ်လ်ဆီးနဲ့ လေ့ကျင့်ရေးအစီအစဉ်တွေ ပြုလုပ်သွားမှာဖြစ်ပါတယ်။ သူက လက်ရှိအချိန်မှာ ချယ်လ်ဆီးကစားသမားအဖြစ်ပဲ ရှိနေသေးပြီး အသင်းနဲ့ ဆက်လက်ပူးပေါင်းသွားဖို့ မျှော်လင့်ပါတယ်"ဟု ကွန်တီက ဆိုခဲ့သည်။

၂၀၁၅ ခုနှစ် ဩဂုတ်တွင် ဘာစီလိုနာ တောင်ပံတိုက်စစ်မှူး ပက်ဒရို ချယ်လ်ဆီးသို့ ရောက်ရှိခဲ့ပြီးနောက် ငါးရက်အကြာတွင် ကွာဒရာဒိုမှာ ဂျူဗင်တပ်သို့ အငှားဖြင့် ပြောင်းရွှေ့သွားခဲ့ခြင်းဖြစ်သည်။ ကိုဒရာဒိုမှာ ပြီးခဲ့သည့်ရာသီ ဂျူဗင်တပ်အသင်း၏ အောင်မြင်မှုတွင် အဓိကအစိတ်အပိုင်းအဖြစ်ပါဝင်ခဲ့သလို ကိုပါအမေရိကဖလားပြိုင်ပွဲ တတိယနေရာရရှိခဲ့သည့် ကိုလံဘီယာ အသင်းအတွက်လည်း ခြေစွမ်းပြနိုင်ခဲ့သည်။



### ကော်စတာအပြောင်းအရွှေ့မှတ်ချက်ပေးဖို့ ငြင်းဆိုခဲ့တဲ့ ကာရန်ဇို

အက်သလက်တီကိုအသင်းအနေဖြင့် အသင်း၏ကစားသမားဟောင်း ဒီယေဂို ကော်စတာအား စာချုပ်ချုပ်ဆိုခေါ်ယူနိုင်တော့မည်ဟူသော ကိစ္စရပ်ကို ဖြေကြားရန် အက်သလက်တီကို ဥက္ကဋ္ဌ အင်းနရစ်ကာရန်ဇိုက ငြင်းဆန်ခဲ့သည်။

ကာရန်ဇိုက" ကျွန်တော်တို့အသင်းဟာ ကော်စတာကို နှစ်သက်သလို သူ့ကို ပြန်ခေါ်ဖို့ ကြိုးစားနေတာမှန်ပါတယ်။ အခြေအနေကလည်း နီးစပ်နေပါတယ်။ ဒီထက်ပိုပြီးတော့ ဘာမှတော့ မပြောနိုင်ပါဘူး" ဟု စပိန်သတင်းစာ အေအက်စ်သို့ ပြောကြားခဲ့သည်။

ကော်စတာသည် အက်သလက်တီကိုသို့ ပြန်လည်ပြောင်းရွှေ့လိုကြောင်း အသင်းပိုင်ရှင် အေဗရာမိုဗစ်ချ်နှင့် နည်းပြသစ် ကွန်တီတို့အား အသိပေးပြောကြားထားပြီးဖြစ်ရာ နွေဈေးကွက်အတွင်းမှာပင် ချယ်လ်ဆီးမှ ထွက်ခွာလိုနေသည်။ သို့သော် ချယ်လ်ဆီးအသင်းတာဝန်ရှိသူများက ရီးယဲလ်မက်ဒရစ် တိုက်စစ်မှူး မိုရာတာအား ခေါ်ယူနိုင်ပါမှသာ ကော်စတာကို လက်လွှတ်လိုသဖြင့် အသင်းပြောင်းချင်နေသည့် ကော်စတာမှာ အခက်တွေ့နေခြင်းဖြစ်သည်။

ကော်စတာသည် ၂၀၁၄ ခုနှစ် အက်သလက်တီကိုနှင့် လာလီဂါဖလား ဆွတ်ခူးခဲ့သလို ချန်ပီယံလိဂ်ဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့သူဖြစ်သည်။ ကော်စတာမှာ ၂၀၁၄ ခုနှစ် နွေရာသီတွင် ချယ်လ်ဆီးသို့ ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး အင်္ဂလိပ်ယဉ်ကျေးမှုနှင့် အံဝင်ခွင်ကျမရှိသည့် ကစားသမားအဖြစ်လည်း လူသိများသည်။

## အော်ဒီဂတ်အတွက် ဇီဒန်းနှင့် ပီရက်ဇ်ကြား အချေအတင်ဖြစ်



ရီးယဲလ်မက်ဒရစ် ရာသီကြိုခြေစမ်းပွဲမှာ (၁၇) နှစ်သား မာတင်အော်ဒီဂတ်ကို ခေါ်ယူရေးကိစ္စနဲ့ပတ်သက်ပြီး အသင်းနည်းပြ ဇီဒန်းနဲ့ ဥက္ကဋ္ဌ ပီရက်ဇ်တို့ကြား မချေမငံဖြစ်ခဲ့ကြတယ်လို့ အင်ဒီပန်းဒင့်သတင်းဌာနက ဖော်ပြပါတယ်။ ရီးယဲလ်ဟာ အော်ဒီဂတ်ကို ခေါ်ယူခဲ့စဉ်က ပထမအသင်းကြီးနဲ့ လေ့ကျင့်ရေးအစီအစဉ်တွေ ပူးပေါင်းလုပ်ဆောင်စေမယ်ဆိုတဲ့ အချက်ကို စာချုပ်မှာထည့်သွင်းချုပ်ဆိုထားခဲ့တာကြောင့် စာချုပ်ပါစည်းကမ်းကို လေးစားလိုက်နာတဲ့အနေနဲ့ ပီရက်ဇ်က ရီးယဲလ်ရဲ့ မြောက်အမေရိက ခြေစမ်းခရီးစဉ်မှာ အော်ဒီဂိတ်ကို ခေါ်ယူသွားစေချင်တာပါ။

အော်ဒီဂတ်က ရီးယဲလ်ကို မရောက်ရှိခင်က အနာဂတ်မှာ ကမ္ဘာ့အကောင်းဆုံးကစားသမားတစ်ဦး ဖြစ်လာနိုင်မယ့်သူလို့ ထင်ကြေးပေးခံရသူဖြစ်ပြီး ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှာ ရီးယဲလ်မက်ဒရစ်အသင်းဆီကို ပြောင်းရွှေ့လာခဲ့သူဖြစ်ပါတယ်။ ပီရက်ဇ်ကတော့ အော်ဒီဂတ်ကို အမေရိကခြေစမ်းပွဲ ခရီးစဉ်ကို ခေါ်ယူသွားစေခြင်းက အသင်းသစ်တစ်သင်းကို အငှားချကစားရင်တောင် အသင်းရှာဖို့ ပိုပြီးလွယ်ကူဖို့ ပံ့ပိုးပေးရာရောက်စေတဲ့အတွက် ဇီဒန်းကိုခေါ်ယူသွားဖို့ ညွှန်ကြားခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ဇီဒန်းကတော့ အော်ဒီဂတ်အနေနဲ့ လက်ရှိအချိန်မှာ ရီးယဲလ်လူငယ်အသင်းနဲ့သာလေ့ကျင့်ခန်းဆင်းပြီး အတွေ့အကြုံရယူသင့်တယ်လို့ ယူဆပါတယ်။

ဇီဒန်းဟာ အမေရိကခရီးစဉ်အတွက် ကစားသမားတွေကို ရွေးချယ်ခဲ့ရာ လူငယ်ကွင်းလယ်ကစားသမားနှစ်ဦးဖြစ်တဲ့ မာကိုအဆန်စီယိုနဲ့ မားကို့စ်လော်ရန်တေးအပြင် သူ့ရဲ့သားနှစ်ဦးဖြစ်တဲ့ လူကာနဲ့ အန်ဇိုတို့နှစ်ဦးကိုလည်း ရွေးချယ်ခဲ့ပါတယ်။ ဒါကြောင့် ဥက္ကဋ္ဌပီရက်ဇ်က သူတို့လေးဦးထဲက တစ်ဦးကိုချန်ထားပြီး အော်ဒီဂတ်ကို အစားထိုးခေါ်ယူသွားဖို့ ဇီဒန်းကို တိုက်တွန်းခဲ့တာဖြစ်ပါတယ်။

တစ်ဖက်မှာလည်း အော်ဒီဂတ်ဟာ ရီးယဲလ်ကို ရောက်ပြီးချိန်ကတည်းက ပွဲထွက်တစ်ပွဲသာ ကစားခွင့်ရရှိသေးတာကြောင့် ဒီနှစ်နွေမှာ အငှားနဲ့သွားရောက်ကစားရဖို့ သေချာသလောက်ရှိနေသူပါ။ သူဟာ ရီးယဲလ်လူငယ်အသင်းမှာ စုစုပေါင်း ၄၅ ပွဲ ဝင်ရောက်ကစားရာမှာလည်း သွင်းဂိုးနှစ်ဂိုးသာ သွင်းယူနိုင်ခဲ့ပေမယ့် သူ့ရဲ့ဂုဏ်သတင်းကြောင့် ဒေါ့မွန်၊ လီဗာပူးနဲ့ ဟမ်းဘတ်အသင်းတို့က ချိတ်ဆက်နေကြပါတယ်။

အော်ဒီဂတ်ရဲ့ နည်းပြဟောင်းဖြစ်တဲ့ ပီတာဆန်ကတော့ "သူ့အနေနဲ့ သူ့ကို နေရာပေးမယ့် အသင်းသစ်တစ်သင်းဆီကို အမြန်ဆုံးပြောင်းရွှေ့သင့်ပါပြီ။ မက်ဒရစ်မှာ ကစားသမားကောင်းတွေဆီက သူလေ့လာသင်ယူစရာတွေ အများအပြားရှိတာကြောင့် မက်ဒရစ်မှာ ဆက်နေမလား၊ မနေဘူးလားဆိုတာ ကျွန်တော်လည်း သေချာမသိပါဘူး"လို့ ဆိုခဲ့ပါတယ်။ ဒါပေမယ့် ခြေစမ်းပွဲခရီးစဉ်မှာတောင် နည်းပြ ဇီဒန်းက သူ့ကိုမခေါ်ယူခဲ့ဘဲ ဥက္ကဋ္ဌပီရက်ဇ်ကိုတောင် အတိုက်အခံလုပ်ခဲ့တာကြောင့် အော်ဒီဂတ်အနေနဲ့ အသင်းသစ်တစ်သင်းမှာ အငှားနဲ့သွားရောက်ကစားရဖို့ ရာနှုန်းပြည့်သေချာလို့နေပါတယ်။

# ၂၀၁၆ ခုနှစ် (၂၄) ကြိမ်မြောက် နိကာယ်စာမေးပွဲ အောင်စာရင်းကြေညာချက်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက (၂၄)ကြိမ်မြောက် နိကာယ်စာမေးပွဲကြီးကို တစ်ပြည်လုံးရှိ ခွင့်ပြုစာဖြေဌာန ၇၂ ဌာနတို့၌ ၁၃-၆-၂၀၁၆ ရက်နေ့မှ ၁၇-၆-၂၀၁၆ ရက်နေ့အထိ (၅) ရက်တိုင်တိုင် ကျင်းပခဲ့ပါသည်။

ယင်းစာမေးပွဲ ဝင်ရောက်ဖြေဆိုရန် စာရင်းသွင်းထားသည့် ပုဂ္ဂိုလ်ဦးရေ ၁၀၉၈၅ ပါးရှိပြီး ဖြေဆိုသည့် ပုဂ္ဂိုလ်ဦးရေမှာ ၁၀၈၈၄ ပါးဖြစ်၍ အောင်မြင်သူဦးရေ စုစုပေါင်းမှာ ၃၇၂၉ ပါးဖြစ်ရာ ၃၄ ဒသမ ၂၆ ရာခိုင်နှုန်း အောင်မြင်ကြပါသည်။

အုပ်စု(၁) ခုဒ္ဒကနိကာယ(ဝိနယပိဋက)ဝိနည်းငါးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် ငါးကျမ်းအောင် ၄၉၉ ပါး၊ လေးကျမ်းအောင် ၅၁၁ ပါး၊ သုံးကျမ်းအောင် အပါး ၅၄၀၊ နှစ်ကျမ်းအောင် ၅၉၇ ပါး၊ တစ်ကျမ်းအောင် အပါး ၈၉၀ တို့ဖြစ်ကြပါသည်။

ဝိနည်းငါးကျမ်းအောင် ၄၉၉ ပါးအနက် ပထမ၊ ဒုတိယ၊ တတိယရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ခုံအမှတ်၊ စက-၁၅၂၊ ရှင်သုန္ဒရ အသက် (၁၉)နှစ်၊ အဘ-ဦးချက်ဖောင်း၊ မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ (ပထမ)
(ခ) ခုံအမှတ်၊ ပူရ -၆၅၊ အရှင်ဓမ္မပိယ၊ အသက်(၂၂)နှစ်၊ အဘ-ဦးမုန်း၊ မဟာဂန္ဓာရုံကျောင်း၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ (ဒုတိယ)
(ဂ) ခုံအမှတ် ၊ စက-၉၇ ၊ ရှင်ပညာရေ၊ အသက်(၁၈)နှစ်၊ အဘ-ဦးဝင်းနိုင်၊ မြစကြာကျောင်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ (တတိယ)
(ဃ) ဝိနည်းငါးကျမ်းအောင် သီလရှင်များအနက် ခုံအမှတ်၊ စက-၁၂၈၄၊ မက္ကသရိယညာဏီ၊ အသက် (၂၄) နှစ်၊ အဘ- ဦးကြည်ညွန့်ဝေ၊ သကျဓိတာသီလရှင်စာသင်တိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ (သီလရှင်ပထမ)

အုပ်စု (၂) ဒီဃနိကာယ(သုတ္တန္တပိဋက)သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ၉၈ ပါး၊ နှစ်ကျမ်းအောင် ၄၃ ပါး၊ တစ်ကျမ်းအောင် ၄၄ ပါးတို့ဖြစ်ကြပါသည်။

ဒီဃနိကာယ် သုံးကျမ်းအောင် ၉၈ ပါးအနက် ပထမ၊ ဒုတိယ၊ တတိယရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ခုံအမှတ်၊ ပူရ-၁၊ အရှင်သူရိယာလင်္ကာရ၊ အသက် (၂၃) နှစ်၊ အဘ-ဦးသန်းဌေး၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ အမရပူရမြို့၊ မန္တလေးတိုင်းဒေသကြီး။(ပထမ)
(ခ) ခုံအမှတ်၊ စက-၂၃၊ ရှင်ဂုဏတေဇ၊ အသက် (၁၉) နှစ်၊ အဘ-ဦးအောင်ရှိန်၊ မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။(ဒုတိယ)
(ဂ) ခုံအမှတ်၊ စက-၁၆၊ အရှင်သီဟဉာဏာလင်္ကာရ၊ အသက်(၂၁) နှစ်၊ အဘ-ဦးဝင်းနွယ်၊ မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။(တတိယ)
(ဃ) ဒီဃနိကာယ်သုံးကျမ်းအောင် သီလရှင်များအနက်၊ ခုံအမှတ်၊ ကွေး-၁၅၊ မထေရာသီ၊ အသက် (၄၉)နှစ်၊ အဘ-ဦးပြား၊ ခေမာသိရီစာသင်တိုက်၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး။ (သီလရှင်ပထမ)

အုပ်စု(၃) မဇ္ဈိမနိကာယ(သုတ္တန္တပိဋက) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ၄၆ ပါး၊ နှစ်ကျမ်းအောင် အပါး ၂၀၊ တစ်ကျမ်းအောင် ၁၉ ပါးတို့ဖြစ်ကြပါသည်။

မဇ္ဈိမနိကာယ်သုံးကျမ်းအောင် ၄၆ ပါးအနက် ပထမ၊ ဒုတိယ၊ တတိယရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ခုံအမှတ်၊ စက-၄၊ ဦးဉာဏိကာလင်္ကာရ၊ အသက် (၂၂)နှစ်၊ အဘ-ဦးမောင်ဌေး၊ မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ (ပထမ)
(ခ) ခုံအမှတ်၊ ကြို့-၈၊ ဦးနာရဒ၊ အသက်(၄၀) နှစ်၊ အဘ-ဦးသောင်းရွှေ၊ ညောင်တုန်းကျောင်းတိုက်၊ ကြို့ပင်ကောက်မြို့၊ ပဲခူးတိုင်းဒေသကြီး။(ဒုတိယ)
(ဂ) ခုံအမှတ်၊ စက-၁၉၊ ဦးကြွသရိယာလင်္ကာရ၊ အသက်(၃၁)နှစ်၊ အဘ-ဦးလှငွေ၊ မဟာသုဗောဓာရုံကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ (တတိယ)

အုပ်စု(၄) သံယုတ္တနိကာယ(သုတ္တန္တပိဋက) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ၁၁ ပါး၊ နှစ်ကျမ်းအောင် လေးပါး၊ တစ်ကျမ်းအောင် လေးပါးတို့ဖြစ်ကြပါသည်။

သံယုတ္တနိကာယ်သုံးပါးကျမ်းအောင် ၁၁ ပါးအနက် ပထမ၊ ဒုတိယ၊ တတိယရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ခုံအမှတ်၊ မုံ-၂၊ ရှင်သီလာစာရ၊ အသက်(၂၁) နှစ်၊ အဘ-ဦးမြင့်မော်၊ သဒ္ဓမ္မပဇ္ဇောတာရုံကျောင်း၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ (ပထမ)
(ခ) ခုံအမှတ်၊ ရှိုး-၁၊ အရှင်သီဟဝံသ၊ အသက်(၄၈)နှစ်၊ အဘ-ဦးမန်ဟိန်း၊ သာသနာဝိပုလစာသင်တိုက်၊ နမ့်ခမ်းမြို့၊ ရှမ်းပြည်နယ်။(ဒုတိယ)
(ဂ) ခုံအမှတ်၊ ပခ-၁၊ အရှင်ကုန္ဒဝံသ၊ အသက်(၃၃)နှစ်၊ အဘ-ဦးကျော်ရင်၊ သာမဏေကျော်စာသင်တိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး။ (တတိယ)

အုပ်စု(၅) အင်္ဂုတ္တရနိကာယ(သုတ္တန္တပိဋက) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ၁၅၃ ပါး၊ နှစ်ကျမ်းအောင် ၁၀၃ ပါး၊ တစ်ကျမ်းအောင် ၃၇ ပါးတို့ဖြစ်ကြပါသည်။

အင်္ဂုတ္တရနိကာယသုံးကျမ်းအောင် ၁၅၃ ပါးအနက် ပထမ၊ ဒုတိယ၊ တတိယရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ခုံအမှတ်၊ မှော်-၄၊ ရှင်တေဇဝန္တာလင်္ကာရ၊ အသက်(၂၀) နှစ်၊ အဘ-ဦးစိုးသောင်း၊ သာသနာ့ဝန်ဆောင်ကျောင်း၊ မှော်ဘီမြို့၊ ရန်ကုန်တိုင်းဒေသကြီး။(ပထမ)
(ခ) ခုံအမှတ်၊ မော်-၁၊ ရှင်အရိယာနန္ဒ၊ အသက်(၁၆)နှစ်၊ အဘ-ဦးစိုးမြင့်၊ ရွှေပါရမီမြစိမ်းသာမဏေကျော်ကျောင်း၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။(ဒုတိယ)
(ဂ) ခုံအမှတ်၊ တက-၂၄၊ ရှင်ခန္တီစာရာလင်္ကာရ၊ အသက်(၂၀)နှစ်၊ အဘ-ဦးအောင်ချိန်၊ အောင်မင်္ဂလာကျောင်းတိုက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။(တတိယ)
(ဃ) အင်္ဂုတ္တရနိကာယသုံးကျမ်းအောင် သီလရှင်များအနက် ခုံအမှတ်၊ တက-၂၂၊ မကောမလထေရီလင်္ကာရ၊ အသက်(၂၃) နှစ်၊အဘ-ဦးအောင်ကြည်၊ မြေသပိတ်သာမဏေကျော်ကျောင်း၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။ (သီလရှင်ပထမ)

အုပ်စု(၆) ခုဒ္ဒကနိကာယ(၁) (သုတ္တန္တပိဋက) ငါးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် လေးကျမ်းအောင် တစ်ပါး၊ သုံးကျမ်းအောင် တစ်ပါး၊ တစ်ကျမ်းအောင် တစ်ပါးတို့ဖြစ်ကြပါသည်။

အုပ်စု(၇)၊ ခုဒ္ဒကနိကာယ(၂) (သုတ္တန္တပိဋက)ငါးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် နှစ်ကျမ်းအောင်တစ်ပါးဖြစ်ပါသည်။

အုပ်စု(၈) ခုဒ္ဒကနိကာယ (အဘိဓမ္မပိဋက)(ပထမပိုင်း) နှစ်ကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် နှစ်ကျမ်းအောင် ၆၄ ပါး၊ တစ်ကျမ်းအောင် ၂၇ ပါးတို့ဖြစ်ကြပါသည်။

အဘိဓမ္မပိဋက (အဘိဓမ္မာပထမပိုင်း)နှစ်ကျမ်းအောင် ၆၄ ပါးအနက် ပထမ၊ ဒုတိယ၊ တတိယရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ခုံအမှတ်၊ ပူရ-၂၊ အရှင်မုနိန္ဒ၊ အသက် (၃၉) နှစ်၊ အဘ-ဦးအိုက်စံအောင်၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ အမရပူရမြို့၊ မန္တလေးတိုင်းဒေသကြီး။(ပထမ)
(ခ) ခုံအမှတ်၊ မရ-၂၊ အရှင်အဂ္ဂဝံသာလင်္ကာရ၊ အသက် (၂၄) နှစ်၊ အဘ-ဦးလှသန်း၊ တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ (ဒုတိယ)
(ဂ) ခုံအမှတ်၊ စိန်-၅၊ အရှင်နန္ဒိယာဇညာလင်္ကာရ၊ အသက် (၂၇) နှစ်၊ အဘ-ဦးချမ်းပို၊ ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ (တတိယ)
(ဃ) ခုဒ္ဒကနိကာယ(အဘိဓမ္မပိဋက)(အဘိဓမ္မာ ပထမပိုင်း) နှစ်ကျမ်းအောင် သီလရှင်များအနက် ခုံအမှတ်၊ ဗဟ-၁၇၊ မသုတာနန္ဒီလင်္ကာရ၊ အသက် (၂၇)နှစ်၊ အဘ- ဦးညိမ်းမောင်၊ သက္ကနိမ္မိတာရုံစာသင်တိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ (သီလရှင်ပထမ)

အုပ်စု (၉) ခုဒ္ဒကနိကာယ(အဘိဓမ္မပိဋက) (ဒုတိယပိုင်း)လေးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် လေးကျမ်းအောင် တစ်ပါး၊ သုံးကျမ်းအောင် တစ်ပါး၊ နှစ်ကျမ်းအောင် တစ်ပါးတို့ဖြစ်ကြပါသည်။

အုပ်စု(၁) ခုဒ္ဒကနိကာယ (ဝိနယပိဋက) ဝိနည်းအဋ္ဌကထာ(မဟာဝိဒူတန်း) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် သုံးပါး၊ နှစ်ကျမ်းအောင် သုံးပါး၊ တစ်ကျမ်းအောင် တစ်ပါးတို့ဖြစ်ကြပါသည်။

အုပ်စု(၂) ဒီဃနိကာယ(သုတ္တန္တပိဋက) ဒီဃနိကာယအဋ္ဌကထာ (မဟာဝိဒူတန်း)သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် တစ်ပါး၊ နှစ်ကျမ်းအောင် တစ်ပါးတို့ဖြစ်ကြပါသည်။

အုပ်စု(၇) ခုဒ္ဒကနိကာယ (သုတ္တန္တပိဋက) အဋ္ဌကထာ (မဟာဝိဒူတန်း) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် တစ်ပါးဖြစ်ပါသည်။

အုပ်စု(၉) ခုဒ္ဒကနိကာယ (အဘိဓမ္မပိဋက) အဋ္ဌကထာ(မဟာဝိဒူတန်း) ဖြေဆိုသော ပုဂ္ဂိုလ်တို့တွင် တစ်ကျမ်းအောင် တစ်ပါးဖြစ်ပါသည်။

(၂၄)ကြိမ်မြောက် နိကာယ်စာမေးပွဲတွင် ဝိဒူတန်းအုပ်စု ကိုးခုနှင့် မဟာဝိဒူတန်းအုပ်စု လေးခုတို့၌ ကျမ်းစဉ်အလိုက် အောင်မြင်ကြသူပေါင်း ၃၇၂၉ ပါးတို့ဖြစ်ကြပါသည်။

ယင်းအောင်စာရင်းအပြည့်အစုံကို တိုင်းဒေသကြီး/ပြည်နယ် သံဃနာယကအဖွဲ့ရုံးများ၌ လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ် သာသနာရေးမှူးရုံးများ၌လည်းကောင်း၊ နိကာယ်စာဖြေဌာနရှိရာ မြို့နယ်သံဃနာယကအဖွဲ့များ၌ လည်းကောင်း ၂၀-၇-၂၀၁၆ ရက်နေ့မှစ၍ ကြည့်ရှုနိုင်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

**မဟာကျော်** အဝေးသင်တက္ကသိုလ်
နိုင်ငံခြားကုန်သွယ်မှုဘာသာအင်္ဂလိပ်တန်းဆာရေး
ရသုံးမှန်းခြေ ဒွီးဒီးမျူး၊ ဒုရဲဒုပ်၊ ဂျေ/ဒုပ်
အမှတ်-၃၅၃၈ဒုထပ်မဟာဗန္ဓုလလမ်း(ဆိပ်ကမ်းသာလမ်းနှင့်၃၉လမ်းကြား)
Ph:09-250359833, 09-253034191, 09-263451177

**အမည်ပြောင်း**
ဦးခင်မောင်ထွန်း၏သမီး ပြည်မြို့ အထက(၁) ပဥ္စမတန်း(B) မှမအိန္ဒာမှူးခင်အား "မအေးသန္တာအောင်" ဟုပြောင်းလဲခေါ်ပါရန်။
**မအေးသန္တာအောင်**

**မိခင်အမည်မှန်**
ပြည်မြို့၊ အထက(၅)တက္ကသိုလ်ဝင်တန်း(D) မှ မောင်သူရမိုးဆက်၏ မိခင်အမည်မှန်မှာ ဒေါ်စိုးစိုးသင်း [၇/ပမန(နိုင်)၀၀၂၉၆၆] ဖြစ်ပါကြောင်း။ **ဒေါ်စိုးစိုးသင်း**

**ငှားမည်**
ပေ(၁၂×၄၅) (မြေညီ)၊ လမ်းမတန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖုန်း၊ Airconပါ။ ဆက်သွယ်ရန်-ဖုန်း-၀၁-၃၈၄၆၁၃၊ ၀၉-၂၅၄၁၅၀၉၇၂

**ကားမောင်းအတတ်**
(အမျိုးသမီးသီးသန့်)
အိမ်အရောက်
အမြန်သင်ပေးသည်
Ph : 09-5062546
09-43144164

**BB/1724**
ကားသည်ဝိုးတက်နှင့် လုပ်ငန်းလိုင်စင်ပျောက်သွားသဖြင့် တွေ့ရှိပါက ဆက်သွယ်ပါရန်။
**ဖုန်း-၀၉-၄၂၀၅၀၅၄၈၊ ၀၉-၇၉၅၂၅၈၂၃၈**

**ကန်ထရိုက်တာဦးသန်းဦး[၁၂/လမန(နိုင်)၀၁၀၃၈၉]နှင့် အများသိစေရန် သတိပေးကြေညာခြင်း**
ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ လှိုင်ရတနာအိမ်ရာ၊ တိုက်(၅)၊ အခန်း(၂၅)နေ ဦးအောင်ကြည်[၁၂/လမန(နိုင်)၀၈၀၁၄၃]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် သတိပေးတားမြစ်ကြေညာအပ်ပါသည်။
မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဘိုးလကြီးလမ်း၊ အမှတ်(၁၇၁၊ ၁၇၂)ရှိ တိုက်ခန်း၏ ဒါဘာခြေရင်းခန်း တိုက်ခန်းသည် ၈-၄-၂၀၁၄ရက်စွဲပါ မြေရှင်နှင့် ကန်ထရိုက်တာတို့ချုပ်ဆိုခဲ့သည့် စာချုပ်အရ ကန်ထရိုက်တာ ဝေစုရပိုင်ဆိုင်သည့် တိုက်ခန်းဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်မိတ်ဆွေ ဦးအောင်ကြည်က ၁၀-၁၂-၂၀၁၄ရက်စွဲပါ စာချုပ်နှင့် ၃၁-၃-၂၀၁၆ရက်စွဲပါ စာချုပ်များအရ ရောင်းဖိုးငွေကျပ် သိန်းတစ်ရာ့ငါးဆယ်တိတိကို အပြေအကျေပေးချေ၍ ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းကို ကန်ထရိုက်တာအနေဖြင့် အပြီးသတ် ဆောက်လုပ်ခြင်းလုပ်ငန်းများကို အလုံးစုံပြီးစီးအောင် ဆောင်ရွက်၍ ၃၀-၇-၂၀၁၆ရက်တွင် ကျွန်ုပ်မိတ်ဆွေသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်တကွ မပျက်မကွက် လက်ရောက်လွှဲပြောင်းပေးအပ်ရမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါတိုက်ခန်းကို အခြားသူတစ်ပါးသို့ လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အာမခံတင်သွင်းခြင်းတို့ မပြုလုပ်ရန် အများသိစေရန် သတိပေး တားမြစ်ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိုးမောင်(မရမ်းကုန်း)**
**B.A.,H.G.P.,R.L.,D.B.L.,D.M.L.,D.I.L.,D.A.Psy., Advocate**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၄၁၄/၈၅)**
**အမှတ်(၁၀)၊ ဦးဘဟန်လမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၆၆၆၉၃၄၊ ၀၉-၇၃၂၀၄၈၃၄**

**ကွန်ပျူတာဝေဒ ဗေဒင်**
လုပ ခေတ်မီ နာမည်လေးများ(၁၈၀)ကျော်

အာရုံဦးအိမ်မြင့် A.G.T.I(Mech.Engg) 0931079394
095179128/09262383622/Viber Ph:09972122177

**နေရာကောင်းမြေညီတိုက်ခန်းများရောင်းမည်**
(၁) မြေညီ+ထပ်ခိုး ပေ (၁၄×၆၀)၊ လှိုင်မြို့နယ်၊ ဗဟိုလမ်းမ၊ ပါရမီစိန်ဂေဟာအနီး၊ ပြင်ဆင်ပြီး၊ ဆိုင်ဖွင့်ရန်နေရာကောင်း။ သိန်း-၁၂၀၀
(၂) မြေညီ ပေ (၁၂½×၆၀)၊တိုက်သစ်၊ ပြင်ဆင်ပြီး၊ နေရန်အသင့်၊ သယ်န်းကျွန်း၊ ဇဝနလမ်းမေးတင်၊ AKK Shopping Mall အနီး။ သိန်း-၈၅၀
**ဖုန်း-၀၉-၅၁၈၃၅၁၈၊ ၀၉-၄၃၁၂၅၇၁၉**

**ဇော် မိတ္တူ / ကွန်ပျူတာ**
Copy & Computer
**Brand New Konica Minolta Press C 1060 (4th Generation Digital Press) Color** စက်သစ်ကြီးဖြင့် **Color Print** ထုတ်ခြင်း ၊ **Copy** ကူးယူခြင်း နှင့် **Color Scan (1200 dpi resolution)** ဖတ်ခြင်းများကို အကောင်းဆုံး အတိကျဆုံးအရည်အသွေး၊အချိုသာဆုံးဈေးနှုန်းများဖြင့် (၁၅.၇.၂၀၁၆)ရက်မှစ၍ အမြန်ဆုံးဝန်ဆောင်မှုဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။
ဆိုင်ဖွင့်ချိန် 8:30 am မှ 8:00 pm အထိ
Special Discounts
30000 Ks အောက် - 10%
30000 Ks အထက် - 20%
Door to Door
အမှတ် (၈၅) ၁၄လမ်း(အလယ်)လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့။ ဖုန်း -၀၁ ၂၃၀၂၂၄၅/၀၉ ၇၇၆၀၈၃၃၁၀

# သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် လက်ကိုင်လွှစက်များ မှတ်ပုံတင်နိုင်ရေး မြင်းခြံတွင် ဆွေးနွေး

**မြင်းခြံ ဇူလိုင် ၁၉**
မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမတွင် လက်ကိုင်လွှစက်များရောင်းချခြင်း၊ ကိုင်ဆောင်ခြင်းအတွက် မှတ်ပုံတင်နိုင်ရေးအစည်းအဝေးကို ဇူလိုင် ၁၅ ရက် နံနက် ၉ နာရီခွဲတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်က လက်ကိုင်လွှစက်များ အလွယ်တကူဝယ်ယူရရှိနေခြင်း၊ ကိုင်ဆောင်အသုံးပြုနေကြခြင်းတို့ကြောင့် နှစ်ရှည်သစ်ပင်များ တစ်ခဏအတွင်း ပျောက်ပျက်သွားသဖြင့် လက်ကိုင်လွှစက်ရောင်းချသည့်ဆိုင်များနှင့် ကိုင်ဆောင်သည့်ဌာနများ၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီများအနေဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းသည့်အနေဖြင့် နှစ်ရှည်ပင်ကြီးများကို ပျက်စီးသည့်အခြေအနေများ မပြုလုပ်စေလိုကြောင်းကို ပြောကြားခဲ့သည်။

ဆက်လက်၍ ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်ကျော်က လက်ကိုင်လွှစက်များရောင်းချခြင်း၊ ကိုင်ဆောင်ခြင်းတို့တွင် မှတ်ပုံတင်ပြုလုပ်စေလိုကြောင်း၊ မှတ်ပုံတင်ပြုလုပ်ခြင်းမရှိပါက ဥပဒေအရ အရေးယူနိုင်ကြောင်းနှင့် ပြစ်မှု ပြစ်ဒဏ်များကိုပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရွှေဘုန်းကလည်း လက်ကိုင်လွှစက်ရောင်းချသည့်ဆိုင်များအနေဖြင့် မြို့နယ်စိစစ်ရေးကော်မတီ၏ ခွင့်ပြုချက်မပါဘဲ ရောင်းချခြင်းမပြုရန်နှင့် ခွင့်ပြုချက်ရမှသာ ရောင်းချရန်တို့ကို ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသည့်ဌာနဆိုင်ရာများမှ လက်ကိုင်လွှစက်ရှိသည့်ဌာနများအနေဖြင့် မှတ်ပုံတင်ပြုလုပ်ရေး၊ ရောင်းချသည့်ဆိုင်ရှင်များမှလည်း မိမိတို့ဆိုင်ရှိလက်ကိုင်လွှစက်များ အရေအတွက်၊ လက်ကိုင်စက်လွှရှိသည့်ကုမ္ပဏီများ၊ ပုဂ္ဂလိကများက မှတ်ပုံတင်ပြုလုပ်ရေးအတွက် လိုအပ်သည့်အချက်အလက်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# တောင်တွင်းကြီးမြို့တွင် ဆိုင်ကယ်မောင်းလိုင်စင် ၃၀၀၀ နီးပါးနှင့် ဆိုင်ကယ်လိုင်စင် သက်တမ်းတိုးခြင်းများ ပြုလုပ်ပေး

**တောင်တွင်းကြီး ဇူလိုင် ၁၉**
မကွေးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိသော ဆိုင်ကယ်မောင်းလိုင်စင်များပြုလုပ်ပေးခြင်း၊ မော်တော်ဆိုင်ကယ်လိုင်စင်များ သက်တမ်းတိုးခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ ဟောပြောခြင်းကို ဇူလိုင် ၁၅ ရက် နံနက် ၈ နာရီက တောင်တွင်းကြီးမြို့ မြို့နယ်ခန်းမတွင် ပြုလုပ်ခဲ့သည်။

ဆိုင်ကယ်မောင်းလိုင်စင်များပြုလုပ်ရန်အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ပြည်သူများတိကျသေချာစွာ နားလည်စေရန် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သင်တန်းကိုပြုလုပ်ရာ မကွေးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက တိုင်းဦးစီးမှူး ဦးသိန်းထွဋ်က မော်တော်ဆိုင်ကယ်မောင်းနှင်ရာတွင် မသိမဖြစ်လိုက်နာရမည့် အချက်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် တက်ရောက်လာသည့် တောင်တွင်းကြီးမြို့နယ်အတွင်းရှိ မြို့ပေါ်ကျေးရွာများမှ ပြည်သူများက သိရှိလိုသည်များကို မေးမြန်းခြင်း၊ ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့သည်။

မကွေးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက တိုင်းဦးစီးမှူး ဦးသိန်းထွဋ်က ယခုလို ဆိုင်ကယ်လိုင်စင်ပြုလုပ်ပေးရင်းနဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို ဟောပြောရတာ ကျေးလက်နေပြည်သူတွေက ဆိုင်ကယ်အများဆုံး အသုံးပြုရပြီး ယာဉ်အန္တရာယ်ကို အများဆုံးကြုံတွေ့နေရလို့ပါ။ အခုလို ဟောပြောပွဲကိုနားထောင်ပြီးရင်တော့ ယာဉ်တိုက်မှုအန္တရာယ်လျော့ကျသွားလိမ့်မယ်လို့ မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

ဒန့်သလွန်ပင်ကျေးရွာမှ ဆိုင်ကယ်လိုင်စင်လာရောက်ပြုလုပ်သည့် ကိုမိုးကျော်က "ဆိုင်ကယ်စီးနေတာ ခြောက်နှစ်လောက်ရှိပါပြီ။ ယာဉ်မောင်းလိုင်စင်ကို တစ်ခါမှမလုပ်ခဲ့ပါဘူး။ လိုလည်းမလိုဘူးလို့ထင်လို့ပါ။ အခုတော့ အရေးယူတာတွေလုပ်နေတော့ ယာဉ်မောင်းလိုင်စင်လာလုပ်တာပါ။ ပြီးတော့ သင်တန်းလည်းတက်ရတော့ ကိုယ်တစ်ခါမှ မသိခဲ့တဲ့ လမ်းညွှန်ဆိုင်းဘုတ်တွေအကြောင်းနဲ့ ဘယ်ယာဉ်က အရင်သွားရမလဲဆိုတာတွေ သိခဲ့ပါတယ်။ အခုတော့ မကွေးကိုသွားရင်လည်း လမ်းဘေးက ဆိုင်းဘုတ်တွေကို သေချာကြည့်ပြီး မောင်းတော့မှာပါ" ဟု ပြောသည်။

မကွေးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ဆိုင်ကယ်မောင်းလိုင်စင်များကို မကွေး၊ ရေနံချောင်း၊ နတ်မောက်၊ချောက်မြို့နယ်များတွင်လည်းပြုလုပ်ပေးခဲ့ပြီး ယင်းနေ့က တောင်တွင်းကြီးမြို့တွင် ဆိုင်ကယ်မောင်းလိုင်စင် ၃၀၀၀ နီးပါးပြုလုပ် ပေးခဲ့သည်။ **ညီညီမောင်(မကွေး)**

# အာဇာနည်နေ့အထိမ်းအမှတ် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ စာအုပ်ပြပွဲနှင့်ဟောပြောပွဲ ဟိုပန်၌ပြုလုပ်



**ဟိုပန် ဇူလိုင် ၁၉**
(၆၉) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ စာအုပ်ပြပွဲနှင့် ဟောပြောပွဲကို ဇူလိုင် ၁၅ ရက် နံနက် ၁၀ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဟိုပန်ခရိုင်ရုံး ပြည်သူ့စာကြည့်တိုက်ခန်းမတွင် ပြုလုပ်ရာ အ. မ. က (ရုံးကုန်း)၊ အ. ထ. က (ဟိုပန်) မှ ကျောင်းသား၊ ကျောင်းသူများ လာရောက်ခဲ့ကြသည်။

ဟိုပန်ခရိုင်ဦးစီးအရာရှိ ဦးသိန်းအောင်က "၁၉ ဇူလိုင်မမေ့နိုင်" ခေါင်းစဉ်ဖြင့် အာဇာနည်နေ့အကြောင်း အသိပညာပေးဟောပြောခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများသည် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကိုယ်ရေးအချက်အလက်များ၊ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းမှတ်တမ်းဓာတ်ပုံများ၊ ဗိုလ်ချုပ်အောင်ဆန်းမိသားစု၏ ဘဝမှတ်တမ်းပုံရိပ်ဓာတ်ပုံများ၊ နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်တို့၏ တိုင်းကျိုးပြည်ပြုဆောင်ရွက်ချက်မှတ်တမ်းဓာတ်ပုံတို့ကို ကြည့်ရှုလေ့လာခဲ့ကြပြီး ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို ငှားရမ်းဖတ်ရှုခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မိုးကုတ်မြို့နယ်အတွင်းရှိ ကျေးရွာ ၁၁ ရွာတွင် မဟာဓာတ်အားလိုင်းသွယ်တန်းရေး ယခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည်



ဓာတ်အားလိုင်းတိုင်စိုက်ထူမည့်နေရာများနှင့် သွယ်တန်းမည့်လမ်းကြောင်းများအား ကွင်းဆင်းကြည့်ရှုနေစဉ်

**မိုးကုတ် ဇူလိုင် ၁၉**
မိုးကုတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ ကျေးလက်ဒေသများရှိ ကုန်ထုတ်လုပ်ငန်းများ၊ အရောင်းအဝယ်လုပ်ငန်းများ၊ ရေဦးရေထွက်များမှ ရေပိုက်သွယ်တန်းခြင်း၊ ရေစုကန်တည်ဆောက်ခြင်းနှင့် ရေပေးဝေရေးလုပ်ငန်းများ၊ ကျေးလက်ဒေသလမ်းပန်းဆက်သွယ်ရေး၊ ကျေးလက်မီးလင်းရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုနှစ်အတွင်း ကျေးရွာ ၁၁ ရွာတွင် ကျေးလက်မီးလင်းရေး မဟာဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်သည်။

မိုးကုတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်သိန်းနှင့် ဝန်ထမ်းများသည် မြို့နယ်အတွင်းရှိ မဟာဓာတ်အားလိုင်းသွယ်တန်းမည့် ကျေးရွာများမှ ကျေးရွာမီးလင်းရေးကော်မတီဝင်များနှင့် ပူးပေါင်း၍ ဓာတ်အားလိုင်းတိုင် စိုက်ထူမည့်နေရာများနှင့် သွယ်တန်းမည့်လမ်းကြောင်းများအား ကွင်းဆင်းကြည့်ရှုကာ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာနနှင့် ဆက်သွယ်ဆောင်ရွက်နေကြောင်း သိရသည်။

မိုးကုတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်အတွင်း မဟာဓာတ်အားလိုင်းနှင့်ဝေးလံသော ကျေးရွာများတွင် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာမီးများတပ်ဆင်ပေးလျက်ရှိပြီး ယခုနှစ်အတွင်း မြို့နယ်အတွင်းရှိ အထက်ညောင်ကုန်း၊ အောက်ညောင်ကုန်း၊ ရေထွက်ကြီး၊ ဘာဂါ၊ ငွေ့ကြီး၊ သစ်စိမ့်ကုန်း၊ အထက်ကျောက်ကြမ်း၊ ရေအေး၊ ကျောက်ဖြာ၊ ငွေးပင်၊ စခန်းကြီးစသည့် ကျေးရွာ ၁၁ ရွာတွင် မဟာဓာတ်အားလိုင်းများ သွယ်တန်းကာ ကျေးလက်မီးလင်းရေးအား ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**နေဝါ(မိုးကုတ်)**

# ဝက်လက်တွင် ဆိုင်ကယ်ပြင်သင်တန်း ဖွင့်လှစ်သင်ကြား

**ဝက်လက် ဇူလိုင် ၁၉**
ကျေးလက်နေပြည်သူများ အသက်မွေးဝမ်းကျောင်းအတွက် အထောက်အကူပြုစေရန် စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တစ်လကြာဖွင့်လှစ်ခဲ့သော ဆိုင်ကယ်ပြင်သင်တန်းဆင်းပွဲကို ဇူလိုင် ၁၅ ရက် နံနက် ၉ နာရီက အဆိုပါဦးစီးဌာနရုံး၌ ပြုလုပ်ခဲ့သည်။

"ကျွန်တော်တို့ ကျေးလက်တောရွာတွေ အနေနဲ့က သွားလာရေးမှာ ဆိုင်ကယ်တွေနဲ့ပဲ အများဆုံးအသုံးပြုနေကြရတာဆိုတော့ အခုလို ဆိုင်ကယ်ပြင်သင်တန်းဖွင့်လှစ်ပေးတာဟာ ကျွန်တော်တို့အတွက် အများကြီးအကျိုးရှိပါတယ်။ အသက်မွေးဝမ်းကျောင်းအတွက်လည်း အထောက်အကူပြုတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်"ဟု သင်တန်းသားတစ်ဦးက ပြောသည်။

အဆိုပါ ဆိုင်ကယ်ပြင်သင်တန်းသို့ ဝက်လက်မြို့နယ်အတွင်းရှိကျေးရွာများမှ သင်တန်းသား ၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**နန်းမြင့်(ဝက်လက်)**

# ကော့သောင်းမြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှ တရားဥပဒေစိုးမိုးရေးအတွက် လှည့်ကင်းများဖြင့် ညစဉ်ဆောင်ရွက်

**ကော့သောင်း ဇူလိုင် ၁၉**
ကော့သောင်းမြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှ ရာဇဝတ်မှုခင်းများ လျော့နည်းကျဆင်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ကျေးရွာနှင့် မြို့ပေါ်ရပ်ကွက်များအတွင်း ညစဉ် လှည့်ကင်းများဆောင်ရွက်ကာ ပိတ်ဆို့စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆောင်ရွက်မှုတွင် ကော့သောင်းခရိုင်ရဲတပ်ဖွဲ့မှူး၏ အနီးကပ်ကြီးကြပ်ညွှန်ကြားမှုဖြင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးမြတ်အောင် ဦးစီး၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသောင်းညွှန့် ဦးစီးအဖွဲ့သည် မြို့ပေါ်ရပ်ကွက်၊ လမ်းများတွင် ပိတ်ဆို့ စစ်ဆေးရှာဖွေခြင်းများဆောင်ရွက်ပြီး ခရိုင်မှုခင်းအကူအဖွဲ့ကလည်း ရပ်ကွက်များတွင် လှည့်ကင်းများ ညစဉ်ဆောင်ရွက်ကြခြင်း ဖြစ်ကြောင်း သိရသည်။

အထူးသဖြင့် လူငယ်အများစုသည် မူးယစ်ဆေးဝါးသုံးစွဲပြီး အသိစိတ်ကင်းမဲ့ကာ ကားမှန်များအား လိုက်လံရိုက်ခွဲခြင်း၊ ခိုက်ရန်ဖြစ်ပွားကာ လူသတ်မှုများကျူးလွန်ခြင်း၊ ခိုးမှုများ၊ လုယက်မှုများ ပြည်နယ်တိုင်းအသီးသီးတွင် ဖြစ်ပွားလျက်ရှိရာ ကော့သောင်းမြို့အတွင်း ယင်းဖြစ်စဉ်မျိုး ဖြစ်ပွားမှုမရှိစေရေး၊ မြို့နေပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ မူးယစ်ဆေးဝါးပပျောက်ရေး၊ ရာဇဝတ်မှုခင်းဖြစ်စဉ်များလျော့နည်းကျဆင်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ကော့သောင်းမြို့နယ် ပြည်သူ့ရဲတပ်ဖွဲ့ဝင်များ အဖွဲ့ခွဲကာ မြို့ပေါ်ရပ်ကွက် နယ်မြေအပိုင်းအခြားအလိုက် ညစဉ် လှည့်ကင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ညအချိန်မတော်လမ်းပေါ်၌ ဆိုင်ကယ်စီးသွားလာသူလူငယ်များအား ပိတ်ဆို့စစ်ဆေးမှုများဆောင်ရွက်ခြင်းလုပ်ငန်းများဆောင်ရွက်ကြကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း-ပြန်/ဆက်)**

## ပဲခူးမြို့မီးသတ်ဦးစီးဌာနမှ ရှာဖွေကယ်ဆယ်ရေးဆိုင်ရာသင်တန်းဖွင့်လှစ်သင်ကြား

**ပဲခူး ဇူလိုင် ၁၉**

ပဲခူးမြို့ ပဲခူးခရိုင် မီးသတ်တပ်ဖွဲ့ရုံး၌ ဇူလိုင် ၁၈ ရက် နံနက် ၇ နာရီက ရှာဖွေကယ်ဆယ်ရေးသင်တန်းဖွင့်ပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့တွင် ပြုလုပ်သောရှာဖွေကယ်ဆယ်ရေးသင်တန်းအား ပဲခူးတိုင်းဒေသကြီး မြို့နယ်အသီးသီးတို့တွင်ရှိကြသော အဖွဲ့ဝင်များအား ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ထိရောက်ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်နိုင်ရေးအတွက် သင်ထောက်ကူပစ္စည်းများနှင့်အတူ လက်တွေ့ဆောင်ရွက်ခြင်းများကို သင်တန်းပို့ချပေးခြင်းဖြစ်သည်။

အဆိုပါသင်တန်းအား ပဲခူးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ခရိုင်ဦးစီးမှူး ရှာဖွေကယ်ဆယ်ရေးကော်မတီ တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်စိုးက အမှာစကားပြောကြား၍ ဖွင့်လှစ်ပေးခဲ့ပြီး သင်တန်းသား ၃၅ ဦးတို့အား ဇူလိုင် ၁၈ရက်မှ ဇူလိုင် ၂၉ ရက်ထိ သင်တန်းပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ထိရောက်လျှင်မြန်စွာ ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံအမျိုးသားရှာဖွေကယ်ဆယ်ရေးကော်မတီအား ပြည်ထဲရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန မီးသတ်ဦးစီးဌာနတို့မှ ပုဂ္ဂိုလ်များပါဝင်သော အဖွဲ့ဝင် ၁၉ ဦးတို့ဖြင့် ဖွဲ့စည်းထားပြီး အလားတူ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတို့တွင် သဘာဝဘေးအန္တရာယ်များ ကယ်ဆယ်ရေးလုပ်ငန်းများအား ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရန် ဖွဲ့စည်းဆောင်ရွက်ထားရှိပြီး ဖြစ်သည်။

ယင်းအဖွဲ့အစည်းများသည် တိုင်းဒေသကြီးနှင့်ပြည်နယ် မီးသတ်ဦးစီးရုံးများ၏ ကွပ်ကဲမှုများအောက်တွင် ဖွဲ့စည်းထားပြီး မီးသတ်ဦးစီးဌာန၏ ကြီးကြပ်ကွပ်ကဲမှုများဖြင့်သာ သဘာဝဘေးအန္တရာယ်ဖြစ်ပွားရာဒေသများသို့ ကယ်ဆယ်ရေးလုပ်ငန်းများ သွားရောက်ဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ ဆောင်ရွက်မှုများသည် ပြည်သူတို့၏ အသက်အိုးအိမ်ပစ္စည်းများ၊ နိုင်ငံတော်၏ ကုန်ထုတ်အရင်းအနှီးများကို မီးဘေးအန္တရာယ်များ၊ သဘာဝ ဘေးအန္တရာယ်များ ရုတ်တရက်ဖြစ်ပွားတတ်သည့် ဘေးအန္တရာယ်ကျရောက်သောအခါများတွင် အရေးပေါ် ကယ်ဆယ်ရေးဆောင်ရွက်ကြရသော အဖွဲ့အစည်းတစ်ရပ်ဖြစ်ပြီး ရည်မှန်းချက်တာဝန်လေးရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသောအဖွဲ့ဖြစ်သည်။

**စော်ရှင်း(ဥသာ)**



## ဖိတ်ခေါ်လူသစ်တန်း စက်ဘီးစီးပြိုင်ပွဲ ဖျာပုံမြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ဖျာပုံ ဇူလိုင် ၁၉**

Bicycle Network Myanmar (၂) နှစ်ပြည့် အထိမ်းအမှတ် Pyapon Cycling Club မှ ကြီးမှူးသော ဖိတ်ခေါ်လူသစ်တန်း Mountain bike စက်ဘီးစီးပြိုင်ပွဲကို ဇူလိုင် ၁၇ ရက်က ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့၌ စည်ကားသိုက် မြိုက်စွာ ကျင်းပသည်။

မြန်မာတစ်နိုင်ငံလုံးမှ စက်ဘီးစီးအားကစားသမား ၁၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်သည့် အဆိုပါ စက်ဘီးစီးပြိုင်ပွဲသည် ဖျာပုံမြို့နယ်၊ မော်ဘီ၊ အောင်သာယာ၊ အေးသာယာ၊ သမိန်ထောကုန်းတန်း၊ သမိန်ထောသိမ်ကုန်း၊ ငူတော၊ ကံဆိပ်၊ အောက်ကမာ၊ အလန်းဖလွတ်၊ ဗျိုင်းကဇီး၊ ကြက်ဖမွှေးဇောင်းကျေးရွာအထိ အသွားအပြန် လမ်းချော ၂၅ မိုင်၊ လမ်းကြမ်းရွှံ့လမ်း ၁၁ မိုင် စုစုပေါင်း ၃၆ မိုင်ခရီးကို စီးနင်းယှဉ်ပြိုင်ရခြင်းဖြစ်သည်။

ကျွန်တော် ဒီကနေ့စီးရတာ တော်တော်ပင်ပန်းပါတယ်။ တခြားပြိုင်ပွဲ ရှစ်ကြိမ်လောက် ပြိုင်ခဲ့ဖူးပါတယ်။ ဒီပြိုင်ပွဲက အခက်ခဲဆုံးပါပဲ။ လမ်းချောမှာ မသိသာပေမယ့် ကံဆိပ်ကနေ ကြက်ဖမွှေးဇောင်းအထိ စီးတဲ့လမ်းက တော်တော်ဆိုးပါတယ်။ ရွှံ့လမ်းဖြစ်နေတဲ့အတွက် တစ်ချို့နေရာတွေ ဗွက်နစ်နေတယ်။ အပြန်ခရီးမှာဆို ဘီးကျွံနေလို့ ဆွဲတင်တွန်းရတာတွေ ရှိတယ်။ အခုလို အောင်အောင်မြင်မြင် ပြန်စီးလာနိုင်လို့ ကျွန်တော် ကျေနပ်ပါတယ်။ ပျော်လည်းပျော်ပါတယ်ဟု ပထမဆုံး ပန်းဝင်လာသူ သက်လတ်တန်း ပထမဆုရ ကျော်ကျော်က ပြောသည်။

ဖိတ်ခေါ် လူသစ်တန်း စက်ဘီးစီးပြိုင်ပွဲကို ပြိုင်ပွဲအမျိုးအစားအားဖြင့် အသက် ၂၅ နှစ်အောက် သက်ငယ်တန်းပြိုင်ပွဲ၊ အသက် ၂၅ နှစ်မှ အသက် ၄၀အထိသက်လတ်တန်း ပြိုင်ပွဲ၊ အသက် ၄၀ နှစ်အထက်သက်ကြီးတန်းပြိုင်ပွဲဟူ၍ သုံးမျိုးခွဲခြားယှဉ်ပြိုင်စေခဲ့ပြီး ပြိုင်ပွဲအတန်းတိုင်းတွင် ပထမဆုကိုငွေကျပ် ၂၀၀၀၀၀၊ ဒုတိယဆုကို ငွေကျပ် ၁၅၀၀၀၀၊ တတိယဆုကိုငွေ ကျပ် ၁၀၀၀၀၀၊ စတုတ္ထဆုကိုငွေကျပ် ၅၀၀၀၀၊ ပဉ္စမဆုကိုငွေကျပ် ၃၀၀၀၀ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သက်ငယ်တန်း စက်ဘီးစီးပြိုင်ပွဲတွင် ပထမဆုကို ရဲထက်ကျော်(ဖျာပုံ)၊ ဒုတိယဆု အောင်အောင်(ဖျာပုံ)၊ တတိယဆု ကျော်စွာ(ဖျာပုံ)၊ သက်လတ်တန်းပြိုင်ပွဲတွင် ပထမဆုကို ကျော်ကျော်(GTM)၊ ဒုတိယဆု မင်းမွန်ဟန်၊ တတိယဆု ကျော်ကိုဌေး၊ သက်ကြီးတန်းပြိုင်ပွဲတွင် ပထမဆုကို ခင်မောင်ကြူ၊ ဒုတိယဆုကို ကျော်ဌေး၊ တတိယဆုကို ထွန်းထွန်းတို့က အသီးသီး ဆွတ်ခူးရရှိသွားကြသည်။ အဆိုပါပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် စက်ဘီးအားကစားသမားပါ ဝင်ရောက်ဂုဏ်ပြု စီးနင်းခဲ့ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

## ဖန်းမောက်မြို့၌ G.A.P စနစ်ဖြင့် မိုးစပါးစိုက်ပျိုးပွဲကျင်းပ

**ဖန်းမောက် ဇူလိုင် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဖန်းမောက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနကကြီးမှူး၍ လယ်နက်ကြီးကျေးရွာအုပ်စု နားယကာကျေးရွာ တောင်သူဦးစောအောင်၏ လယ်မြေ၌ ဇူလိုင် ၁၇ ရက် နံနက် ၁၀ နာရီက မိုးစပါးစိုက်ပျိုးပွဲကျင်းပခဲ့ကြောင်း သိရသည်။

ယင်းစိုက်ပျိုးပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဟန်စိုးက မြို့ဝင်၊ မြို့ထွက် စံပြကွက်ဆောင်ရွက်ခဲ့ရာ G.A.P စနစ်ဖြင့်ဆောင်ရွက်ခြင်း၊ မျိုးစေ့ထုတ်စိုက်ကွက်များဆောင်ရွက်ခြင်း၊ ဓာတ်မြေဩဇာကြဲပက်ရာတွင်စနစ်တကျဆောင်ရွက်ခြင်းများကို တက်ရောက်လာကြသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးပြည့်ဖြိုးငြိမ်းနှင့် ဝန်ထမ်းများ၊ ကသာခရိုင်စိုက်ပျိုးရေးဌာနမှူး ဦးမောင်မောင်နှင့်ဝန်ထမ်းများ၊ မြို့နယ်ဌာနဆိုင်ရာများနှင့် တောင်သူများအား ရှင်းလင်းပြောကြားခဲ့သည်။

၂၀၁၆-၂၀၁၇ ခုနှစ် ဖန်းမောက်မြို့နယ် နားယကာကျေးရွာ တောင်သူဦးစောအောင်၏ ကွင်းအမှတ်(၂၉၇) အင်ပင်ကွင်း၌ မိုးစပါး မြို့ဝင်၊ မြို့ထွက် G.A.P စံပြ ဧက ၅၀ ကွင်းသရုပ်ပြပွဲ Field day ဆောင်ရွက်မှုနှင့် မျိုးစေ့ထုတ်တောင်သူများအား ဓာတ်မြေဩဇာ ထောက်ပံ့ပေးအပ်ရာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးတို့က ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

**ကျော်စွာ(ပြန်/ဆက်)**



## ဖလမ်း၌ ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတ တိုးပွားလာရေး နယ်လှည့်ကွင်းဆင်းဆောင်ရွက်

**ဖလမ်း ဇူလိုင် ၁၉**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်အရ ဖလမ်းခရိုင်ဝန်ထမ်းများသည် ဖလမ်းမြို့နယ် ကြောင်ဟဲင်းကျေးရွာ ပြည်သူများ အသိပညာဗဟုသုတတိုးပွားလာရေး ရည်ရွယ်လျက် ဇူလိုင် ၁၇ ရက် မွန်းလွဲ ၂ နာရီက အဆိုပါ ကျေးရွာ ကြွန်ကိပ်စာကြည့်တိုက်၌ ယနေ့နိုင်ငံတော်အစိုးရသစ်၏မူဝါဒနှင့် အာဇာနည်နေ့ဖြစ်ပေါ်လာပုံတို့ကို ဟောပြောခဲ့သည်။

ယင်းနောက် ပြသထားသော လက်ရှိ နိုင်ငံတော်အစိုးရ၏ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ ၂၀၁၆ခုနှစ် ဇူလိုင် ၁၉ ရက်တွင် ကျရောက်သည့် (၆၉)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် မှတ်တမ်းဓာတ်ပုံများနှင့် ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်း နံရံကပ်စာစောင်တို့ကို တက်ရောက်လာသူများက လေ့လာကြည့်ရှုခဲ့ကြသည်။

**ခရိုင်ပြန်/ဆက်**

## ရက် ၁၀၀ စီမံချက်အရထုတ်ပေးသည့် ကျေးရွာ မြေပုံဇယားဂရန်များ ဟားခါးမြို့နယ်၌ ထုတ်ပေး

**ဟားခါး ဇူလိုင် ၁၉**

ဟားခါးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်အရ ကျေးရွာမြေပုံဇယားဂရန်များပေးအပ်ပွဲကို ဇူလိုင် ၁၇ ရက်က ဟားခါးမြို့နယ် ဘွာလ်တပ်အုပ်စု နေပြည်ကျေးရွာခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါကျေးရွာ မြေပုံဇယားဂရန်များ ပေးအပ်ပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်က အမှာစကား ပြောကြားပြီး ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးရဲရင့်က ကျေးရွာမြေပုံဇယားဂရန်များ ထုတ်ပေးခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ ဟားခါးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးက ကျေးရွာမြေပုံဇယားဂရန်များ ထုတ်ပေးနိုင်ရေး လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဟားခါးခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက အိမ်ထောင်စု ၃၆ စုအတွက် ကျေးရွာ မြေပုံဇယားဂရန်များကို အိမ်ထောင်ဦးစီးများထံ တစ်ဦးချင်းပေးအပ်ခဲ့သည်။

ကျေးရွာမြေပုံဇယားဂရန် ပေးအပ်မှုနှင့် ပတ်သက်၍ ဒေသခံတစ်ဦးက မိမိတို့ နေပြည်ကျေးရွာကို ရွေးချယ်ပြီး အိမ်ခြံမြေအထောက်အထားဖြစ်သည့်ကျေးရွာမြေပုံဇယားဂရန်များကို လက်ဝယ်အရောက် လာရောက်ပေးအပ်သည့်အတွက် တာဝန်ရှိသူအဆင့်ဆင့်နှင့် နိုင်ငံတော်အစိုးရအပေါ် အထူးပင် ကျေးဇူးတင်ကြောင်း ယင်းနေ့အခမ်းအနားတွင်ပြောသည်။

**(ဟားခါးခရိုင် ပြန်/ဆက်)**

## ဝက်လက်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ကျေးရွာများသို့ လွှဲပြောင်းပေးအပ်

**ဝက်လက် ဇူလိုင် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများကို မြစိမ်းရောင်ကျေးရွာများသို့ လွှဲပြောင်းပေးအပ်ပွဲကို ဇူလိုင် ၁၅ ရက် နံနက် ၁၀ နာရီခွဲက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးမြင့်သိန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဝင်းနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင် ရဲမှူးခင်မောင်ဝေတို့က အမှာစကားပြောကြားကြပြီး မြစိမ်းရောင်ကျေးရွာငါးရွာမှ ကော်မတီဝင်များအား တစ်ရွာလျှင် ငွေကျပ် သိန်း ၃၀၀ စီကိုတာဝန်ရှိသူများက အသီးသီးပေးအပ်ခဲ့သည်။

ယခုနှစ်အတွက် ဝက်လက်မြို့နယ်အတွင်းရှိ မူးကမ်းလေးကျေးရွာ၊ သုံးဆင့်ကန်ကျေးရွာ၊ ကံပုလုပ်ကျေးရွာ၊ ဘိုတဲကျေးရွာနှင့် တောင်ကုန်းကျေးရွာ စသည့်ကျေးရွာငါးရွာကို အခြေခံမူငါးချက်နှင့်အညီ ရွေးချယ်ထားခြင်းဖြစ်ကြောင်း၊ ကျေးရွာတာဝန်ရှိသူများအနေဖြင့် ယခုရရှိသော ရင်းနှီးမတည် ရန်ပုံငွေများကို မိမိတို့ကျေးရွာဖွံ့ဖြိုးရေးအတွက် အကျိုးရှိရှိအသုံးပြုကြရန်နှင့် ဝက်လက်မြို့နယ်တွင် ယခင်နှစ်အထိ မြစိမ်းရောင်ကျေးရွာ ၂၆ ရွာရှိပြီး ယခုနှစ်ငါးရွာနှင့်ဆိုလျှင် စုစုပေါင်းကျေးရွာ ၃၁ ရွာရှိပြီဖြစ်ကြောင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်လွင်ဦးက ပြောကြားခဲ့သည်။

မြစိမ်းရောင် ရန်ပုံငွေများရရှိအောင် ဆောင်ရွက်ပေးသဖြင့် နိုင်ငံတော်နှင့်တာဝန်ရှိသူများအား ကျေးဇူးတင်ကြောင်း ကျေးရွာကော်မတီဝင်တစ်ဦးကပြောသည်။

**နန်းမြင့်(ဝက်လက်)**

# ဝက်လက်မြို့နယ်တွင် ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး တစ်ကိုယ်ရေသန့်ရှင်းမှုမြှင့်တင်ရေး စီမံချက်စတင်ဆောင်ရွက်

**ဝက်လက် ဇူလိုင် ၁၉**

မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းတို့ပူးပေါင်း၍ လူထုအခြေပြုရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးအား လူထုပူးပေါင်းမှုအသွင်ကူးပြောင်းရေး (PHAST TRAINING) သင်တန်းဖွင့်ပွဲကို ဇူလိုင် ၁၆ ရက် နံနက် ၉ နာရီကဝက်လက်မြို့ ပြည်သူ့ဆေးရုံအစည်းဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာအေးလွင်ကအမှာစကားပြောကြားပြီး ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး၊ တစ်ကိုယ်ရေ သန့်ရှင်းမှုမြှင့်တင်ရေး စီမံချက်တာဝန်ခံ ဦးနိုင်လင်းထွန်းက စီမံချက်လုပ်ငန်းအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

စီမံချက်ကို ဝက်လက်မြို့နယ်အတွင်းရှိ ညောင်ပင်တွင်း၊ ကံစာရေး၊ တချမ်းသာနှင့် ရေဖြူကျေးရွာများတွင် ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါစီမံချက်မှာ ရပ်ရွာရှိဒေသခံ ပြည်သူများ၏ ကျန်းမာရေးကိစ္စများအတွက် ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ဝမ်းလျှောဝမ်းပျက်ရောဂါကာကွယ်ရေးအတွက် ကျေးရွာလူထုနှင့်ပူးပေါင်း၍ အဓိကထားဆောင်ရွက်မည်ဖြစ်ကြောင်း စီမံချက်တာဝန်ခံတစ်ဦးက ပြောသည်။

**နန်းမြင့်(ဝက်လက်)**

# ကလေးမြို့ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့ နိုင်ငံခြားသူတစ်ဦး၏အသက်ကိုကူညီနိုင်ခဲ့

**ကလေး ဇူလိုင် ၁၉**

ကလေးမြို့ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့သည် ဇူလိုင် ၁၄ ရက် ည ၈ နာရီတွင် ကလေးမြို့နယ် အောင်ပန်းလွယ်ကော်ပြည်ထောင်စုလမ်းမကြီးအနီး လမိုင်းကျေးရွာတွင် နိုင်ငံခြားခရီးသွားနိုင်ငံခြားသားများအဖွဲ့ထဲမှ နိုင်ငံခြားသူတစ်ဦး အရေးပေါ်ကျန်းမာရေးအကူအညီလိုပြီး ဒုက္ခရောက်နေကြောင်း ညောင်ရွှေမြို့ ရှမ်းပြည်နယ် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့ အမှတ် (၇) တပ်ဖွဲ့စု(ရှမ်း)စုမှူး ရဲမှူးမြင့်ဆွေဦးထံသို့ တာဝန်သိပြည်သူများက ဖုန်းဖြင့် အကြောင်းကြားခဲ့သည်။

ယင်းကြောင့် အနီးဆုံးနှင့်အမြန်ဆန်ဆုံးအကူအညီပေးနိုင်မည့် ကလေးမြို့နယ် ကမ္ဘာလှည့်ခရီးသွားရဲတပ်ဖွဲ့ တပ်စိတ်မှူးရဲအုပ်သိန်းဝင်းထံ ချက်ချင်းသွားရောက်ကူညီဆောင်ရွက်ပေးနိုင်ရန်ညွှန်ကြားမှုကြောင့် ရဲအုပ်သိန်းဝင်းနှင့် တပ်ဖွဲ့ဝင်များသွားရောက်ကူညီပေးခဲ့ရာ ပြင်သစ်နိုင်ငံ ဧည့်သည်လေးဦးအနက်မှ Mrs.Schenoul Chloe အသက် ၂၅ နှစ် PP No,VA 11397၊ Aisa No.E,377024(T) သည် ရင်ဘတ်ထိုးအောင့်နာကျင်ခံစားနေရသည်ကို ကလေးမြို့ ခရိုင်ပြည်သူ့ဆေးရုံကြီးသို့ အရေးပေါ်ပို့ဆောင်ကူညီပေးခဲ့ကြသည်။

ကလေးဆေးရုံကြီးမှ တာဝန်ကျ ဒေါက်တာဝင့်သူသူခင်၏အရေးပေါ်စစ်ဆေးကုသပေးမှုကြောင့် ပြန်လည်သက်သာကောင်းမွန်လာခဲ့သည့်အတွက် မိမိနိုင်ငံအတွင်း နိုင်ငံခြားသားခရီးသွားတစ်ဦး အသက်အန္တရာယ်ဆုံးရှုံးနိုင်မည့် ဘေးဒုက္ခမှ ကယ်တင်နိုင်ခဲ့သည့် ထူးခြားဖြစ်စဉ်တစ်ခုအတွက် ကလေးမြို့နယ် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့စိတ်မှူး ရဲအုပ်သိန်းဝင်းနှင့် တပ်စိတ်ဝင် ရဲတပ်သားအားလုံးကို အဆိုပါ ပြင်သစ်နိုင်ငံသူ Mrs. Schenoul Chloe နှင့်ရှမ်းပြည်နယ် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့ရဲမှူးမြင့်ဆွေဦးတို့က အထူးကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းတင်ထားကြောင်းကို ပြင်သစ်နိုင်ငံခြားသားများအဖွဲ့နှင့်အတူ ပါလာသူညောင်ရွှေမြို့မှ ဧည့်လမ်းညွှန် ကိုကျော်မျိုးလှိုင်က ပြောသည်။

**ဝဇ၁**

# နောင်တရားမြို့အတွင်းရှိ ကျေးရွာအချို့၌ လျှပ်စစ်မီးလင်းရေးဖွင့်လှစ်ပွဲအခမ်းအနားကျင်းပ

**နောင်တရား ဇူလိုင် ၁၉**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် နောင်တရားမြို့ မြင်းတွင်းကျေးရွာအုပ်စု လက်ပံပင်ကျေးရွာ၊ ရေခေါင်းတိုကျေးရွာ၊ ကင်မွန်းချဉ်ကျေးရွာတို့တွင် မီးလင်းပြီဖြစ်သောကြောင့် လျှပ်စစ်မီးလင်းရေးဖွင့်ပွဲကို ဇူလိုင် ၁၇ ရက် မွန်းတည့် ၁၂ နာရီက လက်ပံပင်ကျေးရွာ၌ လျှပ်စစ်မီးလင်းရေး ဖွင့်လှစ်ခဲ့သည်။

အဆိုပါအခမ်းနားတွင် ပင်လောင်းမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ဦးနှင့် မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးရန်လင်းအောင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များက ဖဲကြိုးဖြတ် ဖွင့်လှစ်ခဲ့သည်။ ဆက်လက်၍ ပင်လောင်းမြို့နယ် ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်လျှပ်စစ် အင်ဂျင်နီယာ ဦးရန်လင်းအောင်က လုပ်ငန်းဆောင်ရွက်ခဲ့မှု အခြေနေများအားရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါလျှပ်စစ်မီး သွယ်တန်းရေးတွင် ကျေးရွာသုံးရွာ မီးလင်းရေးအတွက် ၁၁ ကေဗွီဓာတ်အားလိုင်းကို တီကျစ်ကျေးရွာမှ (၆)မိုင်(၄)ဖာလုံကို ပြည်ထောင်စုဘက်ဂျက်ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ကုန်ကျငွေ ၂၄၁ ဒသမ ၉၂ သန်း၊ ပြည်သူလူထုထည့်ဝင်ငွေ ၈၃ ဒသမ ၅ သန်း ဖြင့် ကျေးရွာတွင်း လျှပ်စစ်မီးသွယ်တန်းခြင်း လုပ်ငန်းဆောင်ရွက်နိုင်ခဲ့ပြီး စုစုပေါင်းကျပ် ၃၂၅ ဒသမ ၄၂ သန်းကုန်ကျခဲ့ကြောင်း သိရသည်။

လက်ပံပင်ကျေးရွာ ရေခေါင်းတိုကျေးရွာ ကင်မွန်းချဉ်ကျေးရွာသုံးရွာတွင် အိမ်ခြေပေါင်း ၂၁၄ အိမ်အတွက် လျှပ်စစ်မီးလင်းရေး သွယ်တန်းခြင်းလုပ်ငန်းကို ၂၀၁၅ ခုနှစ် မတ် ၃၁ ရက်မှ စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# စုပေါင်းရုံးခန်းမတွင် အသက်(၁၀)နှစ်ပြည့် ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်

**ရှားတော ဇူလိုင် ၁၉**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ရှားတောမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ရက် ၁၀၀ အတွင်း ပြောင်းရွှေ့နေထိုင်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သော မှတ်ပုံတင်ကတ် တစ်မျိုးမျိုးထုတ်ပေးရေး၊ အသက် ၁၀ နှစ်ပြည့် ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၁၇ ရက် နံနက် ၉ နာရီက စုပေါင်းရုံးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ပြည်နယ်ဦးစီးမှူးညွှန်ကြားရေးမှူး ဦးဝင်းခိုင်မှ စီမံချက်လုပ်ငန်းဆောင်ရွက်မှု အခြေအနေများရှင်းလင်းတင်ပြရာတွင် ဌာနအနေနဲ့ ရက် ၁၀၀ အတွင်း ပြောင်းရွှေ့နေထိုင်သော အိမ်ထောင်စုလူဦးရေစာရင်း ထုတ်ပေးရေးလုပ်ငန်း၊ မှတ်ပုံတင်ထုတ်ပေးရေးလုပ်ငန်းနှင့် ပြည်ဝင်ပြေစာလုပ်ငန်း စသည်တို့ကို ဆောင်ရွက်ပေးကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် NRC အဖွဲ့၏ အကူအညီဖြင့် ၂၀၁၂ ခုနှစ်မှစတင်၍ လုပ်ဆောင်ခဲ့ကြောင်း၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် မှတ်ပုံတင်ထုတ်ပေးရေးလုပ်ငန်းသည် ကယားပြည်နယ်အတွင်းရှိ ဝေးလံခေါင်းပါးသောဒေသများပါမကျန် NRC အဖွဲ့နှင့် ပူးပေါင်း၍ အရောက်သွားကာ အခမဲ့ဆောင်ရွက်ပေးနေကြောင်း ပြောကြားသည်။ ဆက်လက်၍ NRC တာဝန်ခံ ဒေါ်ဖလောရာဂျူးမှ အဖွဲ့နှင့်ပတ်သက်သည့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာတွင် NRC အဖွဲ့သည် ၂၀၀၈ ခုနှစ် မုန်တိုင်း နာဂစ်ဘေးထိခိုက်ခံရသော ပြည်သူများကို စတင်ကူညီစောင့်ရှောက်ခဲ့ကြောင်း၊ ကယားပြည်နယ်ကို ၂၀၁၂ ခုနှစ်မှစ၍ ဝေးလံခေါင်းပါးတဲ့နေရာမှာလဝကနှင့် ပူးပေါင်းပြီး အိမ်ထောင်စုလူဦးရေစာရင်းနှင့် မှတ်ပုံတင်ကိစ္စကို ဒေသအရောက် အခမဲ့ဆောင်ရွက်ပေးကြောင်း၊ ကယားပြည်နယ် မြို့နယ်ရှစ်ခုတွင် ယနေ့အထိ မှတ်ပုံတင်ကတ် ၄၆၀၀၀ ကျော် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ကယားပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလှထွေး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဝင့်ဝါထွန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်စိုး၊ ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူးဦးဝင်းခိုင်၊ မြို့နယ်နိုင်ငံသားလုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ထိုက်နှင့် NRC အဖွဲ့တာဝန်ခံ ဒေါ်ဖလောရာဂျူး တို့က နိုင်ငံသားစိစစ်ရေးကတ်ပြားကို ကျောင်းသား၊ ကျောင်းသူများထံသို့ အသီးသီးပေးအပ်ခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဆွေးမြည့်နေသော သစ်သား လျှပ်စစ် မီးတိုင်များကြောင့် ရပ်ကွက်နေပြည်သူများ စိုးရိမ်နေ

**ညောင်လေးပင် ဇူလိုင် ၁၉**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ညောင်လေးပင်မြို့ မြို့မ(၁)ရပ်ကွက် အောဘီအမ်ဝင်း၌ ဆွေးမြည့်နေသော သစ်သား လျှပ်စစ်မီးတိုင်များကြောင့် ရပ်ကွက်နေပြည်သူများ စိုးရိမ်လျက်ရှိကြောင်း သိရသည်။

"ဒီလျှပ်စစ် သစ်သားမီးတိုင်တွေဟာ နှစ်တွေကြာလာတော့ ဆွေးမြည့်လာတယ်။ အပင်ကြီးတွေ၊ ရေအိုင်တွေ၊ လူနေအိမ်တွေကြားက မီးလိုင်းတိုင်တွေက ဖြတ်နေတယ် ။ အခုလို မိုးဦး၊ လေဦး အချိန်မှာ လေကြီးမိုးကြီးရွာရင် အန္တရာယ်ဖြစ်လာမှာကို စိုးရိမ်မိတယ်" ဟု ရပ်ကွက်နေပြည်သူတစ်ဦးက ပြောသည်။

ကျောင်းသားမိဘတစ်ဦးက "မီးတိုင်တွေက ရပ်ကွက်အတွင်းရှိ ထရန်စဖော်မာ အဝင် ၁၁ ကေဗွီ မီးလိုင်းတွေဆိုတော့ ကလေးတွေ ကျောင်းသွား၊ ကျောင်းပြန် မိုးလေတွေနဲ့ဆိုတော့ စိုးရိမ်နေရတယ်" ဟု ပြောသည်။

အဆိုပါ အောဘီအမ်ဝင်းအတွင်း၌ အခြေခံပညာမူလတန်း (မူလွန်)ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ နှင့် ရပ်ကွက်နေပြည်သူများ နေ့စဉ်ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စများဖြင့် သွားလာနေသော လမ်း၏အပေါ်၌ ဖြတ်သွားသော မီးလိုင်းကြောင့် ရပ်ကွက်နေပြည်သူများ စိုးရိမ်နေခြင်းဖြစ်သည်။

**ခင်မောင်လွင်**



# သက်ကြီးဘိုးဘွားဆေးခန်းသို့ ဆေးပဒေသာပင်လှူဒါန်း

**ကျွန်းလှ ဇူလိုင် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကြီးမှူးဖွင့်လှစ်ထားသော သက်ကြီးဘိုးဘွားဆေးခန်းသို့ ဆေးပဒေသာပင်စိုက်ထူလှူဒါန်းပွဲကို ဇူလိုင် ၁၇ ရက် နံနက် ၉ နာရီက မူလတန်းကြိုကျောင်းတွင်ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းသို့ လှူဒါန်းရာတွင် မြို့နယ်တရားသူကြီးဒေါ်ဘောက်ရာက ဆေးပဒေသာပင်ရန်ပုံငွေအဖြစ် ငွေကျပ်တစ်သိန်း စိုက်ထူလှူဒါန်းပြီး သက်ကြီးဘိုးဘွား ၄၀ ကျော်အား အာဟာရတိုက်ကျွေးခဲ့ကြောင်း သိရသည်။

အဆိုပါ သက်ကြီးဘိုးဘွားများအား အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ကျန်းမာရေးစောင့်ရှောက်မှုအခမဲ့ဆောင်ရွက်ပြီး အလှူရှင်များမှလည်း လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# မကွေးမြို့မီးဘေးသင့် ညောင်ပင်သာကျေးရွာတွင် မြေစာရင်းပုံစံ ၁၀၅၊ ၁၀၆ ရေးကူးပေးခြင်းများပြုလုပ်

**မကွေး ဇူလိုင် ၁၉**

မကွေးမြို့ ကံသာကြီးကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာသည် မီးလောင်ကျွမ်းခံခဲ့ရပြီး မီးဘေးသင့် အိမ်ထောင်စု ၂၂၈ စုရှိခဲ့ရာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနနှင့် မကွေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ပူးပေါင်းပြီး ညောင်ပင်သာကျေးရွာတွင် မြေတိုင်းတာခြင်း၊ မြေစာရင်းပုံစံ ၁၀၅၊ ၁၀၆ များကို ရေးကူးပေးခြင်း၊ မြေနယ်နိမိတ်သတ်မှတ်ပေးခြင်းများကို ဇူလိုင် ၇ ရက်မှ ဇူလိုင် ၁၅ ရက်အထိ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအနေဖြင့် ကျေးရွာမြေပုံဂရန်များရရှိရေးနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ရွာတွင်းလမ်းများကို မီးသတ်ကားနှင့် အခြားယာဉ်များအလွယ်တကူ ဝင်ထွက်နိုင်ရေးတို့အတွက် ပေ ၂၀ အကျယ်တိုးချဲ့ဆောင်ရွက်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

**ခင်မာလာ(မကွေး)**

ကြေးမုံ

ဇူလိုင် ၂၀၊ ၂၀၁၆

## ကျန်းမာရေးစောင့်ရှောက်မှုပိုမိုကောင်းမွန်စေရေး ဆွေးနွေးပွဲနှင့် ကျောင်းကျန်းမာရေးကွင်းဆင်းဆောင်ရွက်



**ရမည်းသင်း ဇူလိုင် ၁၉**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပြည်သူ့ဆေးရုံကြီးတွင် ဇူလိုင် ၁၅ ရက် နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဒေါက်တာမျိုးသန့်ခိုင်သည် ရမည်းသင်းမြို့နယ် သားဖွားဆရာမများနှင့် အရန်သားဖွားဆရာမများ လက်တွေ့လုပ်ငန်းအခက်အခဲများကို ပေါင်းစပ်ဖြေရှင်းနိုင်စေရေးအတွက် တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒုတိယတိုင်းဦးစီးမှူးသည် ရမည်းသင်းမြို့ပေါ်ရှိ အခြေခံကျောင်းများတွင် ကျောင်းကျန်းမာရေးလှုပ်ရှားမှုများဖြစ်သော သွေးလွန်တုပ်ကွေးကာကွယ်ရေးနှင့် ကျောင်းမုန့်ဈေးတန်းတွင် အန္တရာယ်ကင်းသောမုန့်များ ရောင်းချမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဇော်ဝင်းအောင်

## မြစိမ်းရောင်အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပေးအပ်

**ကလေး ဇူလိုင် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရန်လျာထားသည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ကျေးရွာသုံးရွာအတွက် ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို ဇူလိုင် ၁၇ ရက် နံနက် ၈ နာရီခွဲက ခရိုင်ကျေးလက်ဦးစီးဌာနရုံး၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးက အဖွင့်အမှာစကားပြောကြားပြီးနောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌတို့က မြစိမ်းရောင်ရန်ပုံငွေလွှဲပြောင်းခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားကြသည်။

ယင်းနောက် ပြင်သာ၊ စည်သာ၊ သာယာကုန်းကျေးရွာသုံးရွာသို့ တစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ စီဖြင့် စုစုပေါင်းငွေကျပ် သိန်း ၉၀၀ ကို ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မှုကော်မတီဥက္ကဋ္ဌတို့က ကျေးရွာကိုယ်စားလှယ်များထံသို့ အသီးသီးလွှဲပြောင်းပေးအပ်ကြကြောင်း သိရသည်။

ဂျိုးနက်

## နတ်တလင်းတွင် ဘီပိုးကာကွယ်ဆေးထိုးနှံပေး

**နတ်တလင်း ဇူလိုင် ၁၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ဇီးပင်ကွေ့ကျေးရွာ အုပ်စုဇီးပင်ကွေ့ရွာ ဓမ္မသုခကျောင်း၌ ဇူလိုင် ၁၆ ရက် နံနက် ၇ နာ ရီခွဲမှစတင်၍ မြန်မာနိုင်ငံအသည်းဖောင်ဒေးရှင်းနှင့် ဗိုလ်ကျော်သန်းပရဟိတအဖွဲ့တို့က ဒေသနေပြည်သူများအား ဘီပိုးကာကွယ်ဆေးထိုးနှံပေးရာ လူဦးရေ ၄၈၀ တွင် ၂၀ ဦး ဘီပိုးတွေ့ရှိသဖြင့် တာပွန်တိုက်နယ်ဆရာဝန်ဒေါ်ဆွေဇင်ဝင်းက ဘီပိုးရှိသူများကိုနှစ်သိမ့်ဆွေးနွေးခြင်း၊ ပတ်ဝန်းကျင်နှင့်မိသားစုများအား ကူးစက်မှုမရှိအောင်နေထိုင်နည်းတို့ကို ရှင်းလင်းပြောကြားခဲ့သည်။ ဘီပိုးကာကွယ်ဆေးထိုးနှံပေးရာတွင် တာပွန်တိုက်နယ်ကျန်းမာရေးဌာနနယ်မြေရှိ ကြီးကြပ်-၁ ဦးဇော်လင်းစိုးဦးနှင့် တာဝန်ရှိသူများကကူညီဆောင်ရွက်ပေးခဲ့သည်။

၀၇၁

# ငမိုးရိပ်ချောင်းရေမကျော်စေရန် သဲအိတ်ဖို့ခြင်းလုပ်ငန်းဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၁၉**

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်တွင် ဇူလိုင် ၁၈ ရက်နံနက် ၈ နာရီက ရွှေပေါက်ကံမြို့သစ် ၂၁ ရပ်ကွက်၌ လပြည့်လကွယ်နေ့တို့တွင် ငမိုးရိပ်ချောင်းမှ ရေမကျော်စေရန်အတွက် သဲအိတ်များဖို့ခြင်းလုပ်ငန်းသို့ မြို့နယ်အုပ်ချုပ်ရေးမှူးက လာရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ယခင်က မိုးသည်းထန်စွာရွာသွန်းလျှင် ရပ်ကွက်အတွင်း ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ပြီး ယခုနှစ်တွင် ထိုရေကြီးခြင်းမှကာကွယ်ရန် သဲအိတ်များဖို့ခြင်း စသည့်လုပ်ငန်းများပြုလုပ်ခဲ့မှုအပေါ်တွင် ရပ်ကွက်နေပြည်သူ တစ်ဦးမှ သဲအိတ်ဖို့ခြင်းလုပ်ငန်းများဆောင်ရွက်ခြင်းကြောင့် ယခင်နှစ်များထက် ယခုနှစ်တွင် ရေကြီးခြင်းလျော့နည်းသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါလုပ်ငန်းအား ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့၊ အရန်မီးသတ်များနှင့် ၂၁ ရပ်ကွက်ပြည်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြလေး(ပြန်/ဆက်)



## ၂၀၁၆–၂၀၁၇ ဘဏ္ဍာရေးနှစ် ကျေးလက်ကျောက်ချောလမ်းပြင်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းကြည့်ရှု

**မိုင်းဖြတ် ဇူလိုင် ၁၉**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးနှင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ချရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစိုင်းလောဝ်မိုင်းနှင့် ရုံးဝန်ထမ်းများသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း မူလ(မွမ်းမံ)ရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် ကျေးလက်လမ်း ဟာကြားဟုန်ကောင်ရွာအဝင် ကျောက်ချောလမ်း ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုအခြေအနေအား ဇူလိုင် ၁၆ ရက်က ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးလက်လမ်းအား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆- ၂၀၁၇ ဘဏ္ဍာရေးနှစ် မူလငွေလုံးငွေရင်း(မွမ်းမံ) ရန်ပုံငွေကျပ် ၁၆ သန်းဖြင့် ကျေးလက်လမ်းအရှည် သုညဒသမ ၄ မိုင်ရှိ အိုက်ငို့ကျေးရွာအုပ်စု ဟာကြားဟုန်ကောင်ရွာအဝင် ကျောက်ချောလမ်းပြင်ဆင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခင်က ဤလမ်းခရီးသည် ချိုင့်ခွက်များနှင့်ချော်ပြီး မိုးတွင်းကာလ ခရီးသွားလာရာမှာ ခက်ခဲမှုရှိခဲ့ကြောင်း၊ ယခုကဲ့သို့ ကျေးလက်ကျောက်ချောလမ်းဖြင့် ပြင်ဆင်ထိန်းသိမ်းမှု ဆောင်ရွက်ပေးခြင်းကြောင့် အိုက်ငို့အုပ်စုအတွင်းရှိ ဟာကြားဟုန်ကောင်၊ ဟာကြားဟုန်မိုင်၊ နမ့်ပန်းနွဲ့ စသည့်ကျေးရွာသုံးရွာမှ အိမ်ခြေ ၆၇ အိမ်နှင့် အိုက်လုံကျေးရွာအုပ်စုအတွင်းရှိ ဟာကြားဒိပ (ပေါ်)၊ ဟာကြားဒိပ (အောက်) စသည့် ကျေးရွာနှစ်ရွာမှ အိမ်ခြေ ၇၃ အိမ် စုစုပေါင်းအိမ်ခြေ ၁၄၀ ရှိ လူဦးရေ ၆၆၅ ဦးတို့အတွက် ခရီးသွားလာမှုအဆင်ပြေသဖြင့် မိမိတို့ဒေသထွက် သီးနှံများသယ်ယူရောင်းဝယ်ရာတွင် ပို၍အဆင်ပြေပြီး အကျိုးများစွာ သက်ရောက်မှုရှိကြောင်း ဒေသခံတစ်ဦး၏ ပြောပြချက်အရသိရသည်။

ရှောလမွန် (ပြန်/ဆက်)



## ပုံတောင်ခြေရှိကျေးရွာများဖွံ့ဖြိုးရေး ပုံတောင်ဝံသဖောင်ဒေးရှင်း ဖွဲ့စည်းထူထောင်

**ပုလဲ ဇူလိုင် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နှင့် ၃၆ မိုင်ကွာဝေးသည့် ပုံတောင်ခြေရှိကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုံတောင်ဝံသဖောင်ဒေးရှင်း ဖွဲ့စည်းထူထောင်ခြင်းအခမ်းအနားကို ပုလဲမြို့နယ် ဇိတ္တောင့်ကျေးရွာ သဒ္ဓမ္မပါလဓမ္မာရုံ၌ ဇူလိုင် ၁၆ ရက် မွန်းလွဲ ၁ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ခဲ့ပြီး ပုလဲမြို့နယ် ဝါကျကျေးရွာ ဆရာတော်ဘဒ္ဒန္တဦးပုညထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဩဝါဒကထာများ နာယူမှတ်သားကြသည်။

ဆက်လက်၍ ပုလဲမြို့နယ် သံတောင်ကျောင်းဆရာတော် ဘဒ္ဒန္တဦးဂါရဝက ပုံတောင်ဝံသဖောင်ဒေးရှင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာထိန်းနှင့် အမှုဆောင်ဆရာတော်များတင်မြှောက်ခြင်း အမည်စာရင်းကို ဖတ်ကြားလျှောက်ထားခဲ့သည်။

ပုံတောင်ဝံသဖောင်ဒေးရှင်း ဘဏ္ဍာထိန်း သက္ကယ်ကျင်းဆရာတော် ဘဒ္ဒန္တဦးဝိစိတ္တက "ဖောင်ဒေးရှင်းဖွဲ့စည်းသည့်နေ့မှာပင် ရန်ပုံငွေကျပ် ၁၇၂၀၀၀၀ ကို ရရှိခဲ့ပြီးဖြစ်ပါတယ်။ ထည့်ဝင်လှူဒါန်းပေးခဲ့တဲ့ ရပ်ဝေးရပ်နီးမှ ဆရာတော်များ၊ အလှူရှင် ဒါယကာ၊ ဒါယိကာမများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများကိုလည်း ကျေးဇူးတင်ရှိပါတယ်။ ပုံတောင်ဒေသဖွံ့ဖြိုးရေးအတွက် ဖွဲ့စည်းထူထောင်ထားတဲ့ ပုံတောင်ဝံသဖောင်ဒေးရှင်းအတွက် အလှူငွေများ ထည့်ဝင်လိုပါက ဖုန်း ၀၉-၂၆၅၃၁၅၄၁၄ နှင့် ပုလဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဖုန်း ၀၇၁-၃၅၀၁၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါတယ်" ဟု မိန့်ကြားခဲ့သည်။

ယင်းနောက် ပုလဲမြို့နယ် ဇိတ္တောင့်ကျေးရွာနေ ရပ်မိရပ်ဖ ဦးအောင်ကျော်ညွန့်က "ပုံတောင်ခြေရှိ ကျေးရွာ ၃၄ ရွာမှ စာဖြေရဟန်းသာမဏေများ စာမေးပွဲအောင်မြင်က ဆုချီးမြှင့်ရန်၊ တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ရန်၊ တောင်ပေါ်ဒေသရှိ ဆရာတော်၊ သံဃာတော်များ ကျန်းမာရေးမကောင်းပါက ထောက်ပံ့ပေးရန်နှင့် ပုံတောင်ဒေသရှိ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်ဟူ၍ ရည်ရွယ်ချက်ကြီးမားစွာဖြင့် ဆရာတော်များ၏ ဦးစီးဦးဆောင်မှုများဖြင့် ပုံတောင်ဝံသဖောင်ဒေးရှင်းကြီး ဖွဲ့စည်းထူထောင်နိုင်ခဲ့ပြီဖြစ်၍ တပည့်ဒါယကာ၊ ဒါယိကာမများကိုယ်စား ကျေးဇူးတင်ဝမ်းမြောက်လှပါတယ်"ဟု လျှောက်ထားခဲ့သည်။

ပုလဲမြို့နယ်(ပြန်/ဆက်)

# ပြောင်းမလား... ပြင်မလား

**à** ဆူးငှက်

မြန်မာပြည်မှာ မီးရထားလမ်းတွေနဲ့ပတ်သက်ပြီး အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲအပြီး ၁၈၈၅ ခုနှစ်မှာ ရန်ကုန်-တောင်ငူမီးရထားလမ်း အရှည် ၁၆၆ မိုင်နဲ့ စတင်ခဲ့ပါတယ်။ ရန်ကုန်-မန္တလေးမီးရထားလမ်းကိုတော့ ပါတော်မူပြီးနောက် တစ်နှစ်ခန့်အကြာ ၁၈၈၆ ခုနှစ် အောက်တိုဘာလမှာ တောင်ငူကနေ မန္တလေးအထိ ဆက်ဖောက်ဖို့ အမိန့်ပေးပြီး ၁၈၈၉ ခုနှစ် မတ် ၁ ရက်နေ့မှာတော့ ၃၈၆ မိုင်အရှည်ရှိတဲ့ ရန်ကုန်-မန္တလေးမီးရထားလမ်း ဖွင့်လှစ်နိုင်ခဲ့ပါသတဲ့။ ဒါကြောင့် မန္တလေးမှာ မီးရထားဘူတာရုံဟာ လွန်ခဲ့တဲ့နှစ်ပေါင်း ၁၂၀ ကျော်ကတည်းက တည်ရှိခဲ့တာပါပဲ။

အဲဒီကာလမှာတော့ ဘူတာရုံဟာ လူနေထူထပ်တဲ့ရပ်ကွက်ကြီးတွေ၊ ဈေးချိုအပါအဝင် စီးပွားရေးဆိုင်ရာ ရပ်ဝန်းကြီးတွေရဲ့ အရှေ့ဖျားမှာရှိပြီး အစိုးရရုံးကြီးတွေ၊ စီဗီလိုင်းလို လူနေကျဲတဲ့ရပ်ကွက်တွေနဲ့ပဲ ဆက်စပ်နေမှာပါ။ အဓိကအနေနဲ့ အင်္ဂလိပ်စစ်တပ်နဲ့ အင်္ဂလိပ်အစိုးရရုံးစိုက်တဲ့ နန်းတွင်းနဲ့နီးကပ်နေတာမို့ လုံခြုံရေးအရစိတ်ချရသလို စစ်လက်နက်သယ်ပို့ရေးမှာလည်း လိုအပ်တဲ့နေရာမှာတည်ရှိတာမို့ အစစအရာရာအဆင်ပြေမယ့် သဘောပါပဲ။

မန္တလေးဘူတာရုံဟာ မူလကတော့ အုတ်ကြွပ်မိုး တစ်ထပ်အဆောက်အအုံလေးပါ။ ဒုတိယကမ္ဘာစစ်ကြီးမဖြစ်ခင်မှာပဲ မျှော်စင်ပါတဲ့ နှစ်ထပ်အဆောက်အအုံကြီး ဖြစ်သွားပါပြီ။ မန္တလေးကနေ မေမြို့၊ လားရှိုးမြို့တို့သာမက ရွှေဘို၊ မြစ်ကြီးနားတို့ဆီအထိလည်း ခရီးပေါက်သွားပါပြီ။ အလားတူ စစ်ကိုင်း၊ မြင်းမူ၊ မုံရွာ၊ ရေဦးထိလည်း မီးရထားလမ်းတွေရှိနေပါပြီ။ သီးခြားရထားကုမ္ပဏီတစ်ခုဖွင့်ပြီးလည်း မန္တလေး-မတ္တရာမီးရထားပြေးဆွဲမှုတွေ ရှိနေပါပြီ။ ဒါကြောင့် မန္တလေးဘူတာရုံကြီးဟာ အထက်မြန်မာပြည်အတွက် အချက်အချာကျတဲ့ နေရာတစ်နေရာ ဖြစ်ခဲ့ပြီပေါ့။

